တပေါ စ တော် မင်္ဂလ မုတ္တမံ၊ ခြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၃ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ကဆုန်လကွယ်နေ့၊ ၂၀၀၄ ခုနှစ်၊ မေ ၁၈ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၂၈)

စည်းကမ်းပြည့်ဝသောဒီမိုကရေစီ

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ထွန်းရေး အတွက် အခြေခံဖြစ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲနိုင်ရန် အခြေခံရမည့် မူများကို ဤညီလာခံကြီး က ချမှတ်ပေးကြရမည် ဖြစ်သည်။

ယာယီဆိုင်းငံ့ထားသော အမျိုးသားညီလာခံကြီးကို ယနေ့ကစပြီး ပြန်လည်ကျင်းပနေ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် နိုင်ငံသားအားလုံး၏တာဝန်ဖြစ်

ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေး ခိုင်မာသည့်အခြေခံရမည့်မူများချမှတ်

ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲမပါဘဲ နိုင်ငံနှင့်ပြည်သူအကျိုး ဦးတည်ချက်နှင့်အညီတင်ပြ

ရန်ကုန် မေ ၁၇

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ အဖွင့်မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ချစ်ကြည်လေးစားအပ်ပါသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၊ လေ့လာသူများနှင့် ဧည့်သည်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်းနှင့် ပြည်သူအများ လိုလားတောင့်တလျက်ရှိသော

စာမျက်နှာ ၆ ကော်လံ ၃ ✡

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အဖွင့်မိန့်ခွန်းပြောကြားစဉ်။ (အပေါ်ပုံ) **နှင့် အစည်းအဝေးသို့ တက်ရောက်လာသည့် ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (ယာပုံ)

(မြန်မာ့အလင်း)

အမျိုးသားညီလာခံကို ကြိုဆိုပါ၏။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ မေလ ၁၈ ရက်)

နိုင်ငံတကာ သိပ္ပံနှင့်နည်းပညာ တိုးတက်ဖြစ်ထွန်းမှုနှင့်တစ်ပြေးညီ ဗိသုကာပညာရပ် ဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီ ကြိုးပမ်း

နိုင်ငံတော်အစိုးရသည် နိုင်ငံတကာ သိပ္ပံနှင့်နည်းပညာ တိုးတက်ပြောင်းလဲမှုများ၏ အပြုသဘောဆောင်သည့် အကျိုးရလဒ်ကောင်းများဖြင့် ယှဉ်တွဲပေါင်းစပ်ပြီး နိုင်ငံတော်ကြီးခေတ်မီဖွံ့ဖြိုးတိုးတက်သည်ထက် ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံသူနိုင်ငံသား အသိပညာရှင်အတတ်ပညာရှင်များ၏ စွမ်းပကားကို အားထားပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့သော အခြေအနေအချိန်အခါမျိုးတွင် ပညာရပ်နယ်ပယ်ကဏ္ဍအသီးသီးက ပညာရှင်အစုအဖွဲ့များအားလုံးက မိမိတို့၏သက်ဆိုင်ရာ သိပ္ပံနှင့်နည်းပညာရပ်များ တိုးတက်ထွန်းကား ပြန့်ပွားရေးအတွက် ကြိုးပမ်းစွမ်းဆောင်နေကြသည့် အစဉ်အလာကောင်းများဖြစ်ထွန်းနေခြင်းကြောင့် နိုင်ငံတော်အတွက် ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများစွာကို တိုးပွားဖြစ်ထွန်းစေလျက်ရှိသည်ကို အားရဂုဏ်ယူဖွယ် တွေ့မြင်နေရသည်။

မေလ ၁၆ရက်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ၌ မြန်မာနိုင်ငံ ဗိသုကာအသင်းက ကြီးမှူးကျင်းပသော အထပ်မြင့်အဆောက်အအုံများနှင့်ပတ်သက်သည့် ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား၌ မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှု ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင်–

"ယနေ့ မြန်မာနိုင်ငံ ဗိသုကာများ အသင်းကြီးအနေဖြင့် ဗိသုကာ ရွှေရတုပွဲ အကြိုလုပ်ရှားမှုတစ်ရပ်အဖြစ်ယခုလို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမှာ အရေးပါလှသည့် အထပ်မြင့် အဆောက်အအုံများနှင့် ပတ်သက်သည့် ဗိသုကာပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲကို ကျင်းပနိုင်ခြင်းမှာ အခြေအနေအချိန်အခါနှင့်များစွာဆီလျော်ကိုက်ညီလှသည့်အပြင် နိုင်ငံတော်အတွက်သော်လည်းကောင်း၊ ဗိသုကာပညာရပ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်သော်လည်းကောင်း၊ ဆောက်လုပ်ရေး လုပ်ငန်းများ ခေတ်မီတိုးတက်ဖြစ်ထွန်းရေးအတွက်သော်လည်းကောင်း အဘက်ဘက်ကအကျိုး ဖြစ်ထွန်းစေမှာ အမှန်ပင်ဖြစ်ကြောင်း" ပြောကြားသွားသည်။

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံသူနိုင်ငံသား ပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးပွားခိုင်မာပြီး လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားစေရန် ဘက်စုံကဏ္ဍစုံက ကြိုးပမ်းစီမံဆောင်ရွက်လျက်ရှိသည်။

ဤကဲ့သို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ၌ နိုင်ငံတော်တစ်ဝန်းလုံးတွင် ဆည်မြောင်းတာတမံများ၊ ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ၊ လမ်းမကြီးများနှင့် မြစ်ကူးတံတားကြီးများ၊ အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းများနှင့် အပြည်ပြည်ဆိုင်ရာ ပင်လယ်ကူးသင်္ဘောဆိပ်ကမ်းများ စသည့် စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများစွာကို စနစ်တကျ ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိသည်။

ရန်ကုန်မြို့တော်ကြီးနှင့်တကွ တစ်နိုင်ငံလုံးရှိမြို့ကြီးပြကြီးများကို နိုင်ငံတကာ မြို့တော်ကြီးများ၊ မြို့ကြီးပြကြီးများ၏ အင်္ဂါရပ်များနှင့်ဆီလျော်စွာ တိုးတက်ဖြစ်ထွန်းလာစေရေးအတွက် ခေတ်မီတိုက်တာအဆောက်အအုံများ၊ နိုင်ငံတကာအဆင့်မီ စီမံခန့်ခွဲမှုနှင့်ဝန်ဆောင်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ၊ သန့်ရှင်းသပ်ရပ်လှပသော အိမ်ရာ စီမံကိန်းများ၊ ပြည်သူများအပန်းဖြေနားနေနိုင်မည့် ခေတ်မီအပန်းဖြေဥယျာဉ်ကြီးများ၊နိုင်ငံတကာအဆင့်မီကုန်တိုက်ကြီးများစသော မြို့ပြဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများ ပြည့်ပြည့်ဝဝဖြစ်ထွန်းလာစေရန် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

အထူးသဖြင့် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြည်သူများ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် အရေးပါလှသည့် မြို့ပြဖွံ့ဖြိုးမှုလုပ်ငန်းများ၊ နိုင်ငံတကာအဆင့်မီ မြို့ပြအဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများ အဆင့်အတန်းပြည့်ဝစွာ အောင်မြင်ဖြစ်ထွန်းစေရေးတွင် ဗိသုကာပညာရှင်များ၊ အင်ဂျင်နီယာများ၏ စွမ်းဆောင်ပေးမှုသည် အဓိကကျသည့် အခန်းကဏ္ဍကပါဝင်လျက်ရှိသည်။

သို့ဖြစ်ရာ အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများ၊ အရည်အသွေးဖြင့် ပြည့်စုံသည့် ခေတ်မီအထပ်မြင့် အဆောက်အအုံများ ပေါ်ထွန်းလာစေရန် ဗိသုကာပညာရပ်များဖြင့် အထောက်အကူပြုနိုင်စေရေး၊ နိုင်ငံတကာ သိပ္ပံနှင့်နည်းပညာတိုးတက်ဖြစ်ထွန်းမှုများနှင့် တစ်ပြေးညီ ဗိသုကာပညာရပ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဗိသုကာပညာရှင်များအားလုံးက အမျိုးသားရေးစိတ်ဓာတ် ထက်သန်စွာဖြင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၈–၅–၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၀ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Developing A Business Plan (အိမ်တွင်းစီးပွား)
- ၅:၃၀ ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်း ကြိုးပမ်းစို့
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဝင်းပပလှသူလေးရယ်"** (အပိုင်း–၁၁)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ လျှပ်တစ်ပြက်
- ၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့်ရွှေမင်းသမီး" ဒုတိယတွဲ(အပိုင်း–၁၈)**

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၄–၂၀၀၅ ခုနှစ်ကို စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှစ်အဖြစ်သတ်မှတ် စက်မှုလုပ်ငန်းရှင်များ အားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်

ရန်ကုန် မေ ၁၇

စက်မှုဇုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စနှင့် ပတ်သက်၍ စစ်ကိုင်းတိုင်း စစ်ကိုင်းစက်မှုဇုန်၊ရွှေဘိုစက်မှုဇုန်နှင့် မုံရွာစက်မှုဇုန်များရှိ စက်မှုဇုန် ဥက္ကဋ္ဌများ၊ စက်မှုဇုန်ကြီးကြပ်ရေး အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို ယမန်နေ့ နံနက်၉နာရီခွဲက စစ်ကိုင်းတိုင်း မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက အမှာစကားပြောကြားရာတွင် **(အပေါ်ပုံ)** ၂၀၀၄/၂၀၀၅ ခုနှစ်ကို စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှစ်အဖြစ် သတ်မှတ်ခဲ့ကြောင်း၊ သို့ဖြစ်၍ စက်မှုလုပ်ငန်းရှင်များသည် အရှိန်အဟုန်ဖြင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် အားစိုက်ခွန်စိုက်ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်း၊ စက်မှုကဏ္ဍကို အကြီးမားဆုံးနှင့် အမြန်ဆုံးဖွံ့ဖြိုး တိုးတက်လာရန် ဆောင်ရွက်နိုင်မှသာ အနာဂတ်စက်မှု ကဏ္ဍမှာ ခေတ်မီရှင်သန်မှာဖြစ်ကြောင်း။

အရှိန်အဟုန်မြှင့်ဆောင်ရွက်

၁၉၉၅ခုနှစ်မှစတင်၍ စက်မှုဇုန်များတည်ထောင်ခဲ့ရာ ယခုအခါ စက်မှုဇုန်၁၉ဇုန်အထိ တိုးတက် ဖွံ့ဖြိုးလာပြီဖြစ်ကြောင်း၊ စက်မှုဇုန်ကြီးကြပ်ရေး အဖွဲ့ဝင်များ၊ စက်မှုလုပ်ငန်းရှင်များသည်သမားရိုးကျတိုးတက်မှုဖြင့်သာ ရောင့်ရဲတင်းတိမ်မနေကြဘဲ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း။

စက်မှုဇုန်မှ စက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ အနေဖြင့် စက်ရုံတည်ဆောက်မှုလုပ်ငန်းများကို စုပေါင်းတာဝန်ယူ တည်ဆောက်သွားကြရန်လိုကြောင်း၊ ယင်းသို့ဆောင်ရွက်ရာ၌ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီတည်ဆောက်ပြီးစီးရေး ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း၊ တစ်ချိန်ထဲ၌ ကျွမ်းကျင်လုပ်သားများပါ လေ့ကျင့်ပျိုးထောင် မွေးထုတ်ကြရန်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် မုံရွာစက်မှုဇုန်တာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေနှင့် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး အမှတ်(၂)စက်မှုဝန်ကြီးဌာနဒုတိယဝန်ကြီးဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်တို့က စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်တွင် တက်ကြွစွာပါဝင်ရေး မှာကြားသည်။

ပြန်လည်ဆွေးနွေး

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသော စစ်ကိုင်းစက်မှုဇုန်၊ရွှေဘိုစက်မှုဇုန်နှင့် မုံရွာစက်မှုဇုန်များမှ စက်မှုလုပ်ငန်းရှင်များက ပြန်လည်ဆွေးနွေးကြသည်။

ဆွေးနွေးမှာကြား

ထို့နောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက နိုင်ငံတော်၏ စေတနာကို လေးစားလိုက်နာ၍ စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေး အပိုင်းကဏ္ဍတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားရေး ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် မုံရွာမြို့ ဝင်းသူဇာအရောင်းဆိုင်၏ ရောင်းချမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်ဝန်ကြီးများသည်မုံရွာစက်မှုဇုန်သို့ရောက်ရှိပြီး စက်မှုလုပ်ငန်းရှင်များ၏ ဆိုင်ကယ်နောက်တွဲယာဉ်များကိုလည်းကောင်း၊ လေးဘီးတပ်ထွန်စက်ငယ် Four Wheels Mini-tractor များနှင့် လယ်ယာသုံးထွန်စက်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

တက်ကြွစွာပါဝင်

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊တွဲဖက်အတွင်းရေးမှူး အမှတ်(၂)စက်မှုဝန်ကြီးဌာနဒုတိယဝန်ကြီးဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်တို့သည်မွန်းလွဲ၂နာရီခွဲ တွင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်ရှိ ကနောင်ခန်းမ၌ စက်မှုဇုန်ဥက္ကဋ္ဌနှင့် ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာ ဝန်ကြီးဦးအောင်သောင်းက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်ဖြင့် စက်မှုဇုန်များအနက် မန္တလေးစက်မှုဇုန်၊ မုံရွာစက်မှုဇုန်နှင့် တောင်ကြီး(အေးသာယာ) စက်မှုဇုန်တို့ကိုရွေးချယ်ပြီး စက်မှုဇုန်များအဆင့်တိုးမြှင့်ရေး စီမံကိန်းများချမှတ်ခဲ့ရာ စက်မှုလက်မှုလုပ်ငန်းရှင်များဘက်မှ စီမံကိန်းအမြန်ဆုံးအကောင်အထည်ဖော်နိုင်ရန် တက်ကြွစွာပါဝင်သွားရေး မှာကြားသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်က နိုင်ငံတော်အနေဖြင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်စေရန် မြေတောင်မြှောက်ပေးလျက်ရှိကြောင်း၊ သို့ဖြစ်၍ လုပ်ငန်းရှင်များသည် စက်ရုံစီမံကိန်းကြီး အမြန်ပေါ်ထွန်းလာရန်ပါဝင် ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးများသည် စက်မှုဇုန်အတွင်းရှိ စက်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

18-5 (02).p65 1 03/24/1905, 4:38 PM

အမျိုးသားညီလာခံမှသည် နိုင်ငံတော်သစ်ဆီသို့

အောင်စည်ဟိန်း

၁၉၉၃ ခုနှစ်က စတင်ကျင်းပခဲ့ပြီး ၁၉၉၆ ခုနှစ်က ယာယီဆိုင်းငံ့ခဲ့သော အမျိုးသားညီလာခံကို ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့မှစ၍ ပြန်လည်ကျင်းပနေပြီဖြစ်ပါသည်။ ၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်အတွင်း နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသောကိုယ်စားလှယ်၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်၊ တောင်သူလယ်သမား ကိုယ်စားလှယ်၊ အလုပ်သမားကိုယ်စားလှယ်၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ ဟူ၍ အစုအဖွဲ့ရှစ်ဖွဲ့ဖြင့် နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးဆိုင်ရာများကို ကျေကျေလည်လည် ဆွေးနွေးခဲ့ကြပြီး ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ပီပီပြင်ပြင် ချမှတ်နိုင်ခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ အမျိုးသားညီလာခံ ယာယီရပ်ဆိုင်းငံ့ကာလ ရှစ်နှစ်အတွင်း ပြည်သူတို့ဖြတ်သန်းရသော မြန်မာ့အတွေ့အကြုံ၊ ကမ္ဘာ့အတွေ့အကြုံတို့သည် အမျိုးသားညီလာခံကြီးအတွက် အားဆေးသဖွယ်ဖြစ်ပါသည်။ ယခင်ချမှတ်ခဲ့ပြီးသော အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများအပေါ် ပိုမိုအားဖြည့်နိုင်လိမ့်မည်ဟုလည်း ယုံကြည်မိပါသည်။ **ကိုယ်ပိုင် ဖွဲ့စည်းပုံအခြေခံဥပဒေ မရှိပါက နိုင်ငံတော်ဟူ၍ ပီပြင်စွာမရှိနိုင်၊ နိုင်ငံတော်ဟူ၍ ပီပြင်စွာမရှိပါက စနစ်တကျ တိုးတက်သော လူ့အဖွဲ့အစည်းဟူ၍မရှိနိုင်**ဟူသော နိုင်ငံရေး သိပ္ပံပညာရှင်များ၏ အဆိုအမိန့်အရ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်သစ် ပေါ်ပေါက်ရေးတွင် အဓိကကျနေကြောင်း တွေ့ရမည်ဖြစ်ပါသည်။ နိုင်ငံတော် ဟူသော ဝေါဟာရသည်ပင် လူဦးရေ၊ နယ်နိမိတ်၊ အစိုးရနှင့် အချုပ်အခြာအာဏာတည်းဟူသော အင်္ဂါလေးရပ် တစ်ပေါင်းတည်း ပါဝင်ခေါ်ဆိုထားခြင်းဖြစ်ပါသည်။

ယခု ဆောင်းပါးသည် အင်္ဂါရပ်လေးရပ်နှင့်ညီသော၊ ပါတီစုံရှိသော၊ ဈေးကွက်စီးပွားရေးစနစ်ကိုလည်း ကျင့်သုံးသော နိုင်ငံတော်သစ်တစ်ခုအတွက် အခြားသော စံနမူနာပြ နိုင်ငံအချို့နှင့် ချိန်ထိုးသုံးသပ်ရင်း အတွေးအမြင်ဖလှယ်သွားနိုင်ရန် ရည်ရွယ်တင်ပြထားသည့်ဆောင်းပါးသာဖြစ်ပါသည်။

ပထမဦးစွာ လူဦးရေအင်္ဂါရပ်ကို လေ့လာကြည့်ပါမည်။ ဂရိတွေးခေါ်ရှင် အရစ္စတိုတယ်(ဘီစီ ၃၈၄–၃၂၂)က နိုင်ငံတစ်ခုဖြစ်ဖို့ လူဦးရေသည် အုပ်ချုပ်ကွပ်ကဲမှုပြဿနာဖြစ်လောက်အောင် များပြားခြင်းမျိုးမဖြစ်သင့်သလို လူမှုဘဝလုံခြုံအောင်၊ ငြိမ်းချမ်းအောင် တည်ဆောက်ရာတွင် ခက်ခဲလောက်အောင် မနည်းပါးသင့်ကြောင်း၊ ဖူလုံကြွယ်ဝသောဘဝကိုဖော်ဆောင်နိုင်လောက်သည့် လူဦးရေပမာဏမျိုးရှိသင့်ကြောင်း တင်ပြခဲ့ဖူးပါသည်။ မျက်မှောက်ခေတ်တွင် သန်းပေါင်း ၁၃၀၀ မျှရှိသော တရုတ်နိုင်ငံသည် လူဦးရေအများဆုံးသာဓကဖြစ်ပြီး လူဦးရေ ၁၃၀၀၀ ခန့်ရှိသော နော်ရူး(Nauru)နိုင်ငံမှာ လူဦးရေအနည်းဆုံး သမ္မတနိုင်ငံဖြစ်ပါသည်။ ဤနေရာတွင် ပြင်သစ်တွေးခေါ်ရှင် ရူးဆိုး(အေဒီ ၁၇၁၂–၁၇၇၈)၏ **ဒီမိုကရေစီနိုင်ငံတစ်ခုဖြစ်ဖို့ လူဦးရေတစ်သောင်းထက် မနည်းသင့်**ဟူသော အဆိုအမိန့်ရှိခဲ့ဖူးရာ နီးစပ်မှုတစ်ခုအနေဖြင့် မှတ်သားဖွယ်ဖြစ်ပါသည်။

ဒုတိယအနေဖြင့် နယ်နိမိတ်အင်္ဂါရပ်ကို ကြည့်ပါမည်။ နယ်နိမိတ်ဟု ဆိုရာတွင် မြေထု၊ ရေထု၊ လေထု ပါဝင်သော ကိုယ်ပိုင်နယ်နိမိတ်ကို တိကျစွာသတ်မှတ်ထားပြီး မြေပုံတွင်ပါ ထင်ရှားအောင် ရေးဆွဲထားရန်လိုကြောင်း၊ နိုင်ငံ့နယ်နိမိတ်ကို ပင်လယ်၊ မြစ်၊ တောတောင် စသည့် သဘာဝအမှတ်အသားဖြင့် သတ်မှတ်လေ့ရှိပြီး လိုအပ်လျှင် အုတ်တံတိုင်း၊ သံဆူးကြိုး၊ မြေဖြတ်မြောင်း(Trench)တို့ကို သုံးနိုင်ကြောင်း၊ နိုင်ငံအကျယ်အဝန်းနှင့် လူဦးရေမှာ မျှတရန်လိုကြောင်း၊ နယ်မြေသေးငယ်လွန်းလျှင်လည်း အတွေးအမြင် အနေအထိုင်ကျုံ့တတ်ပြီး တိုးတက်မှုကို တုံ့နှေးစေတတ်ကြောင်း အဓိပ္ပာယ် ဖွင့်ဆိုကြပါသည်။ မျက်မှောက်ခေတ်တွင် အထက်ကပြဆိုခဲ့သော နော်ရူးနိုင်ငံသည် ဧရိယာ ၂၁ စတုရန်းကီလိုမီတာသာ ကျယ်ဝန်းသည့် နယ်နိမိတ် အသေးငယ်ဆုံးသမ္မတနိုင်ငံဖြစ်ပါသည်။ ကနေဒါ(Canada) ပြည်ထောင်စုနိုင်ငံမှာ ဧရိယာစတုရန်းကီလိုမီတာ ၉၉၇၀၆၁၀ ရှိပြီး နယ်နိမိတ်အကျယ်ဆုံးနိုင်ငံဖြစ်ကြောင်း တွေ့ရပါသည်။

အစိုးရဟူသော အင်္ဂါရပ်နှင့်ပတ်သက်၍ အစိုးရဆိုသည်မှာ နိုင်ငံ၏အသက်ဝိညာဉ်(Soul of the State)ပင်ဖြစ်သည်ဟု အဆိုအမိန့်ရှိပါသည်။ အစိုးရသည် နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကိုလည်းကောင်း၊ အုပ်ချုပ်မှုယန္တရားထူထောင်ရေး၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံအောင် ကာကွယ်စောင့်ရှောက်ရေးနှင့် မင်းမဲ့စရိုက်ဖယ်ရှားပေးရေးကိုလည်းကောင်း၊ ပြည်သူတို့ ယဉ်ကျေးမှုအဆင့်အတန်းမြင့်အောင် ပြုပြင်ပေးရေးနှင့် လူမှုရေးအသင်းအဖွဲ့၊ စေတနာ့ဝန်ထမ်းအသင်းအဖွဲ့များ ဖွဲ့စည်းပေးရေးကိုလည်းကောင်း မဖြစ်မနေလုပ်ဆောင်ရမည်ဟု ဆိုပါသည်။

အချုပ်အခြာအာဏာဟူသောအင်္ဂါရပ်မှာ နိုင်ငံ၏ဂုဏ်ထူးဝိသေသ(Attribute of State)ဟု ဆိုပါသည်။ ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးဟူသော အချုပ်အခြာ အာဏာသုံးရပ်သည် ပြည်သူတစ်ရပ်လုံးနှင့် သက်ဆိုင်နေပြီး ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ ကျင့်သုံးလုပ်ဆောင်ရခြင်း ဖြစ်ပါသည်။ ပြည်တွင်းရေးရာများတွင် စင်ပြိုင်အစိုးရမျိုး၊ အာဏာပြိုင် အဖွဲ့အစည်းမျိုးမရှိအောင် စီမံရသလို ပြည်ပရေးရာများတွင်လည်း တိုင်းတစ်ပါး၏ ကြိုးကိုင်မှုအလျှင်းမရှိရအောင် စောင့်ထိန်းရမည်ဟုဆိုလိုပါသည်။

အထက်တွင် ဖော်ပြခဲ့သော အင်္ဂါရပ်လေးရပ်နှင့် ညီညွတ်သည့် နိုင်ငံအမြောက်အမြားတွင် နိုင်ငံကိုအုပ်ချုပ်သည့် ဖွဲ့စည်းတည်ဆောက်ပုံ(Forms of Governments)မည်သို့ရှိကြသည်ကို ပြန်လည်ဆန်းစစ်ရန်လည်း လိုအပ်ပါသည်။ ရှေးခေတ်ကသက်ဦး ဆံပိုင်ဘုရင်စနစ်(Absolute Monarchy)ထွန်းကားခဲ့သော်လည်း လူ့ယဉ်ကျေးမှုတိုးတက်လာသည့်အခါ စည်းမျဉ်းခံဘုရင်စနစ် (Constitutional Monarchy)ဟု ခေါ်သည့် ရှင်ဘုရင်နှင့်လွှတ်တော်တို့ ပူးပေါင်းထိန်းညှိဆောင်ရွက်သည့်စနစ်များပေါ်ခဲ့သည်။ ပြည်သူတို့၏ နိုင်ငံရေးအယူအဆကွဲပြားမှုကို အခြေခံပြီး ပါတီစုံဖွဲ့စည်းမှုများလည်း ပေါက်ဖွားခဲ့သည်။

ထိုသို့ နိုင်ငံရေးပါတီများ ပေါ်ပေါက်ခဲ့ခြင်းနှင့်အတူ ဘုရင်စနစ်ဆန့်ကျင်ရေး တော်လှန်မှုများလည်း ဖြစ်ပွားခဲ့သည်။ ထိုမှတစ်ဖန် သမ္မတနိုင်ငံများလည်း ကမ္ဘာအနှံ့ပေါ်ထွန်းခဲ့ပါသည်။ ပြည်ထောင်စုစနစ်(Federal System)ကျင့်သုံးသော သမ္မတနိုင်ငံများ(ဥပမာ–အမေရိကန်၊ ကနေဒါ၊ ဆွစ်ဇာလန်၊ ဂျာမနီ၊ အိန္ဒိယ)၊ တစ်ပြည်ထောင်စနစ်(Unitary System)ကျင့်သုံးသော သမ္မတနိုင်ငံများ (ဥပမာ–ဗြိတိန်၊ ပြင်သစ်၊ တရုတ်)၊ လွှတ်တော်တစ်ရပ်စနစ်(Unicameralism)ကျင့်သုံးသောနိုင်ငံများ(ဥပမာ–တရုတ်၊ ဘင်္ဂလားဒေ့ရှ်)၊ လွှတ်တော်နှစ်ရပ်စနစ်(Bi-cameralism) ကျင့်သုံးသောနိုင်ငံများ(ဥပမာ–ဗြိတိန်၊ အမေရိကန်၊ ကနေဒါ၊ ဂျပန်၊ ပြင်သစ်၊ ဩစတြေးလျ)၊ တစ်ပါတီစနစ်ကျင့်သုံးသော ကွန်မြူနစ်နိုင်ငံများ၊ ပါတီစုံစနစ်ကျင့်သုံးသော ဒီမိုကရေစီနိုင်ငံများဟူ၍ အမျိုးမျိုးခေါ်ဝေါ်ဖွဲ့စည်းမှုများ ရှိလာခဲ့ပါသည်။

အစိုးရများ၏အုပ်ချုပ်ပုံကြည့်လျှင်လည်း ပုံစံသုံးမျိုးအကြမ်းဖျင်းတွေ့ရပါသည်။ ပထမတစ်မျိုးမှာ ဘုရင် သို့မဟုတ် သမ္မတက နိုင်ငံအကြီးအကဲအမည်ခံ(National Head)သဘောရှိနေပြီး ဝန်ကြီးချုပ်က အစိုးရအဖွဲ့ကို အနီးကပ်ကွပ်ကဲသည့်ပုံစံဖြစ်ပါသည်။ ယင်းပုံစံတွင် ဝန်ကြီးချုပ်က အုပ်ချုပ်မှုအာဏာနှင့် ဥပဒေပြုအာဏာကို တစ်ပေါင်းတည်းကိုင်တွယ်လေ့ရှိပါသည်။ ယင်းသို့သော ပါလီမန်အစိုးရ(Parliamentary Government)မျိုးကို ဗြိတိန်၊ ဂျပန်၊ ထိုင်းစသည့် နိုင်ငံများတွင် တွေ့နိုင်ပါသည်။ နောက်တစ်မျိုးမှာ သမ္မတဦးဆောင် အစိုးရ(Presidential Government)ဖြစ်ပြီး သမ္မတက အစိုးရအဖွဲ့ကိုအနီးကပ်ကွပ်ကဲပါသည်။ ယင်းပုံစံတွင် သမ္မတက အုပ်ချုပ်မှုအာဏာကိုသာ ကိုင်တွယ်ရလေ့ ရှိပါသည်။ တရားရေး၊ ဥပဒေရေးဆိုင်ရာ အာဏာပိုင်အဖွဲ့များမှာ သမ္မတ၏လက်အောက်တွင်မရှိဘဲ သီးခြားလွတ်လပ်စွာ ရပ်တည်လေ့ရှိပါသည်။ ယင်းအစိုးရ ပုံစံမျိုးကို အမေရိကန်၊ တောင်ကိုရီးယား၊ ဖိလစ်ပိုင်စသည့် နိုင်ငံများတွင် တွေ့နိုင်ပေသည်။ နောက်ဆုံးတစ်မျိုးမှာ ဆိုခဲ့ပြီးသည့် ပုံစံနှစ်မျိုးကို ရောယှက်ကျင့်သုံးသည့် အစိုးရ (Quasi-presidential model of Government) မျိုး၊ ဥပမာ–ပြင်သစ်၊ သီရိလင်္ကာစသည့် နိုင်ငံမျိုးပဲဖြစ်ပါသည်။

ဤသို့ နိုင်ငံဖွဲ့စည်းမှု၊ အုပ်ချုပ်မှုနှင့်ဒီမိုကရေစီကျင့်စဉ်အမျိုးမျိုးတွေ့ရသော်လည်း ယင်းဖွဲ့စည်းအုပ်ချုပ်မှုနှင့်ကျင့်စဉ်တိုင်းတွင် အားသာချက်များရှိသလို အားနည်းချက်လည်း ဒွန်တွဲလျက်တွေ့ရပါသည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတစ်ခုခုကို ပုံတူကူးယူ၍မဖြစ်နိုင်ဘဲ ဖွံ့ဖြိုးတိုးတက်ပြီးဖြစ်သော နိုင်ငံများ၏ အားသာချက်များကို လေ့လာ၍ မိမိနိုင်ငံနှင့်အသင့်လျော်ဆုံးကို ရွေးချယ်ပေါင်းစပ်ကျင့်သုံးခြင်းနှင့် ကမ္ဘာ့နိုင်ငံရေးသမိုင်းဖြစ်စဉ်များထဲက အဆိုးအကောင်းသင်ခန်းစာများကို ဆင်ခြင်သုံးသပ်၍ အမှားအယွင်းမရှိအောင်၊ ရေရှည်ကောင်းမွန်အောင် ဆောင်ရွက်ခြင်းသည်သာ အမှန်ကန်ဆုံးဟု ဆိုနိုင်ပါသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့

ပြည်ထောင်စုစနစ်တစ်ခုကို ခေတ်မီစွာတည်ဆောက်မည်ဆိုလျှင် ရေကန်အသင့်ကြာအသင့်

မြန်မာနိုင်ငံသည် ပါလီမန်ဒီမိုကရေစီနှင့် ပါတီစုံခေတ်ကိုလည်းကောင်း၊ တစ်ပါတီဆိုရှယ်လစ်ခေတ်ကိုလည်းကောင်း၊ ပါတီအရောင်အသွေးမရှိဘဲ အမျိုးသားနိုင်ငံရေးစစ်စစ်ကို ရှေးရှုဖော်ဆောင်သော ယနေ့တပ်မတော် အစိုးရခေတ်ကိုလည်းကောင်း ဖြတ်သန်းကြုံတွေ့ရပြီးဖြစ်ပါသည်။ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဆည်မြောင်းတာတမံနှင့်စိုက်ပျိုးရေး၊ နယ်စပ်ဒေသနှင့် ကျေးလက်ဖွံ့ဖြိုးရေးစသည့် စီးပွားရေးနှင့် လူမှုရေးအခြေခံ အဆောက်အအုံများကိုလည်း တိုင်းနှင့်ပြည်နယ် အသီးသီးတွင် မျက်ဝါး ထင်ထင်တွေ့မြင်နေရပြီဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုစနစ်တစ်ခုကို ခေတ်မီစွာ ဖွဲ့စည်းတည်ဆောက်ကြမည်ဆိုလျှင်လည်း တိုင်းရင်းသား ပြည်သူတို့၏ အတွေ့အကြုံအရ ‘ရေကန်အသင့်ကြာအသင့်’။

18-5 (03).p65 1 03/24/1905, 4:27 PM

ဘဂ္ဂဒက်တောင်ဘက်၌ တိုက်ခိုက်ခံရ၍ ကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး တပ်ဖွဲ့ဝင်နှစ်ဦး အခြားအကြောင်းများကြောင့် ထပ်မံသေဆုံး

ဘဂ္ဂဒက် မေ ၁၆

အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသည် ဘဂ္ဂဒက်မြို့တောင်ဘက်၌ သီးခြား တိုက်ခိုက်မှုနှစ်ခု၌ ပြောက်ကျားများ လက်ချက်ဖြင့် သေဆုံးသွားသည်ဟု အမေရိကန်စစ်ဘက်ဆိုင်ရာက စနေနေ့တွင် ထုတ်ပြန်သော ကြေညာချက်၌ ဖော်ပြထားသည်။

တပ်ဖွဲ့ဝင်တစ်ဦးမှာ စိန်ပြောင်းဖြင့် တိုက်ခိုက်စဉ် ရရှိခဲ့သော ဒဏ်ရာဖြင့် သောကြာနေ့ ညနေ၃ နာရီ၌သေဆုံးသွားပြီး ဒုတိယတပ်ဖွဲ့ဝင်မှာ လက်ဖြောင့်သေနတ်သမား လက်ချက်ဖြင့်သေဆုံးခဲ့ကြောင်း ကြေညာချက်၌ ဖော်ပြသည်။

သေဆုံး

နောက်ထပ်တပ်ဖွဲ့ဝင်နှစ်ဦးမှာလည်း တိုက်ပွဲကြောင့်မဟုတ်ဘဲ အခြားအကြောင်းများကြောင့် သေဆုံးခဲ့သည်ဟု စစ်ဘက်ဆိုင်ရာကပြောကြားသည်။ တစ်ဦးမှာ စနေနေ့အစောပိုင်း၌ ကားမှောက်၍သေဆုံးပြီး အခြားတစ်ဦးမှာ သောကြာနေ့၌ သဘာဝကြောင့် သေဆုံးခြင်းဖြစ်သည်ဟုဆိုသည်။သေဆုံးသော တပ်ဖွဲ့ဝင်လေးဦးအနက် သုံးဦးမှာ အမှတ်(၁)သံချပ်ကာကားတပ်မှ ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဘလဲနုတ်ထွက်သင့်ဆိုသူ၄၆ရာခိုင်နှုန်းရှိ ဘလဲကို မယုံကြည်ဟုဆိုသူ ၆၁ ရာခိုင်နှုန်းရှိ

လန်ဒန် မေ ၁၆

ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ၏ အနာဂတ်အရေးနှင့် စပ်လျဉ်း၍ ထင်ကြေးပေးမှုများသည် တနင်္ဂနွေနေ့၌ ပို၍ အရှိန်မြင့်ပြီး ပြင်းထန်လာခဲ့သည်။ ဆန်းဒေးတိုင်းမ်သတင်းစာကပြုလုပ်သော လူထုသဘောထားစစ်တမ်းတစ်ခုတွင် သဘောထားဆန္ဒပေးသူထက်ဝက်နီးပါးက လာမည့်အထွေထွေရွေးပွဲမတိုင်ခင် ဘလဲရာထူးမှ နုတ်ထွက်သင့်ကြောင်း ထင်ကြေးပေးခဲ့ကြသည်။

နုတ်ထွက်သင့်

လာမည့်ရွေးကောက်ပွဲမတိုင်မီ ဘလဲရာထူးမှ နုတ်ထွက်သင့်သည်ဆိုသော ဗြိတိသျှသဘောထား ဆန္ဒမဲပေးသူ ရာခိုင်နှုန်းမှာ ၄၆ ရာခိုင်နှုန်းရှိသည်ကို ဆန်းဒေးတိုင်းမ်က တွေ့ရှိခဲ့သည်။

မယုံကြည်

ရွေးကောက်ပွဲပြီးသည့်နောက်ပိုင်း ဝန်ကြီးချုပ်တိုနီဘလဲမြန်မြန် ထွက်သင့်သည်ဆိုသော သဘောဆန္ဒ ပေးသည့် ရာခိုင်နှုန်းမှာ၂၂ရာခိုင်နှုန်းဖြစ်ပြီး ဘလဲအပေါ်ယုံကြည်မှုနှင့် စပ်လျဉ်း၍ မေးကြည့်သည့်အခါ ၆၁ ရာခိုင်နှုန်းက မယုံကြည်ကြောင်း ပြောဆိုကြသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်နှင့်ပတ်သက်၍ အမေရိကန်နှင့်ဗြိတိန်တို့၏ လုပ်ဆောင်မှုများကို ဆန့်ကျင်ကန့်ကွက်သူများက ဘုရှ်နှင့်ဘလဲရုပ်ပြောင်များ ပြုလုပ်ပြီး ဆန္ဒပြနေသည်ကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် မေ ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂွာတာနာမိုး၌ နှိပ်စက်ခံခဲ့ရသော ဗြိတိန်အကျဉ်းသား နှိပ်စက်ခံရပုံများကို သတင်းစာသို့ ထုတ်ဖော်ပြောကြား

လန်ဒန် မေ ၁၆

မိမိအားဖမ်းဆီးထားသော ဂွာတာနာမိုအကျဉ်းစခန်းရှိ အမေရိကန်အစောင့်များက မတရားနှိပ်စက်ခဲ့ကြောင်းနှင့် မိမိအားရိုက်နှက်ပုံများကို အကျဉ်းစခန်းရှိ အစောင့်များက ဗီဒီယိုရိုက်ထားကြောင်း ဂွာတာနာမိုအကျဉ်းစခန်း၌ ဖမ်းဆီးထိန်းသိမ်းထားခြင်းခံခဲ့ရသော တတိယမြောက်ဗြိတိန်နိုင်ငံသားတစ်ဦးက သတင်းစာသို့ ပြောကြားသည်။

ကရက်ခ်ဒါဂူလ်(၂၆)နှစ်သည် မတ်လ၌ အဆိုပါစခန်းမှ ပြန်လွှတ်ပေးလိုက်သော ဗြိတိန်ငါးဦးအနက် တစ်ဦးဖြစ်ပြီး အကျဉ်းစခန်း၌ ကျန်သော ဖမ်းထားခံရသူများအတွက် ပိုအန္တရာယ် ကြီးမည်ဖြစ်ကြောင်း ပြောဆိုသည်။ နှစ်ဆယ့်နှစ်လကြာ ဖမ်းဆီးထိန်းသိမ်းထားစဉ် မိမိကို အကျဉ်းစခန်းရှိ ဒဲလ်တာအပြစ်ပေး တပ်ဖွဲ့က ထပ်ကာတလဲ ထိုးကြိတ် ရိုက်နှက်ခဲ့ကြောင်း ၎င်းက အော့ဇားဗား သတင်းစာသို့ တနင်္ဂနွေနေ့က ပြောကြားသည်။

ရိုက်နှက်

၎င်းတို့သည် မိမိ၏မျက်နှာကို ငရုတ်ကောင်းမှုန့်ဖြင့် ပက်ကြောင်း၊ မိမိကို တုပ်နှောင်ပြီးထိုးကြိတ်ရိုက်နှက်ကြောင်း၊ မိမိမျက်စိများကို လက်ချောင်းများဖြင့် ထိုးပြီး မိမိဦးခေါင်းကို ရေအိမ်ထဲ၌ နှစ်ကြောင်း ၎င်းက ပြောကြားသည်။

ထိုးကြိတ်

ထို့ပြင် ၎င်းတို့သည် မိမိအား တိရစ္ဆာန်တစ်ကောင်အလား ချည်နှောင်ပြီး မိမိအပေါ်၌ ဒူးထောက်ထိုင်ခါ ထိုးကြိတ်ရိုက်နှက်ခဲ့ကြောင်း၊ နောက်ဆုံး၌ မိမိကို အချုပ်ခန်းထဲမှ ဆွဲထုတ်ပြီး မိမိ၏မုတ်ဆိတ်၊ ဆံပင်နှင့် မျက်ခုံးမွေးများကို ရိတ်ပစ်ကြောင်း၊ ၎င်းတို့၏ဆောင်ရွက်ပုံများကို အမြဲဗီဒီယိုရိုက်ထားကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

ကာဘာလာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားလျက်ရှိရာ အမေရိကန်တပ်ဖွဲ့ဝင်များကို ပြန်လည်ပစ်ခတ်တိုက်ခိုက်နေသော အီရတ်ပြောက်ကျားတို့ကို မေ ၁၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အချုပ်အခြာအာဏာပိုင်သော အီရတ်အစိုးရသစ်ဖြစ်ရမည် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက သတင်းစာရှင်းပွဲ၌ပြောကြား

ဝါရှင်တန် မေ ၁၆

အီရတ်နိုင်ငံအား ဇွန် ၃၀ရက်၌ အချုပ်အခြာအာဏာလွှဲပြောင်းပေးရာတွင် စစ်မှန်သော အုပ်ချုပ်ရေးကို အီရတ်နိုင်ငံအား လွှဲပြောင်းပေးရန် ပြင်သစ်နှင့် အီတလီနိုင်ငံတို့က အမေရိကန်ပြည်ထောင်စုကို သောကြာနေ့က တိုက်တွန်းလိုက်သည်။

အုပ်စု(၈)၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအပြီး၌ ပြုလုပ်သောပူးတွဲသတင်းစာရှင်းပွဲတွင် ပြင်သစ်နိုင်ငံခြားရေး ဝန်ကြီး မိချယ်ဘာနီယာက အီရတ်အစိုးရအဖွဲ့သစ်သည် အချုပ်အခြာအာဏာပိုင်သော အစိုးရအဖွဲ့ဖြစ်ရမည်ဟု ပြောဆိုခဲ့သည်။

လိုလား

အီတလီနိုင်ငံခြားရေးဝန်ကြီး ဖရန်ကိုဖရက်တီနီကလည်း ဘာနီယာ၏ ကြေညာချက်အတိုင်း ပြောဆိုခဲ့သည်။ အီရတ်ပြည်သူများပြောသောစကားကို နားထောင်ခြင်းမရှိဘဲ အီရတ်ပြည်သူတို့ကို ငြင်းဆိုခွင့်မပေးဘဲဇွန် ၃၀ ရက်နောက်ပိုင်း၌ အပေါင်းပါတပ်များချမှတ်သော တစ်ဖက်သတ်ဆုံးဖြတ်ချက်ကို မိမိတို့တွေးကြည့်လျှင် အီရတ်၌ အုပ်ချုပ်ရေးလွှဲပြောင်းမှုရှိမည်မဟုတ်ကြောင်း။

ပြောဆို

မိမိတို့ လိုလားသည်မှာ အီရတ်ပြည်သူတို့အတွက် အုပ်ချုပ်ရေးအာဏာရှိဖို့ပင်ဖြစ်ကြောင်း ပြောဆိုသည်။ ထို့ပြင် အီရတ်နိုင်ငံ၏ နိုင်ငံရေးအသွင်ကူးပြောင်းမှုသည် သံသယကင်းသော လုပ်ငန်းစဉ်ဖြစ်ရမည်ဖြစ်ကြောင်း၊ အီရတ်တို့ ကိုယ်တိုင်လက်ခံနိုင်သော ယာယီအစိုးရဖြစ်ပြီး နိုင်ငံတကာဆိုင်ရာ တရားဝင်ဖြစ်ရမည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေး ဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အမေရိကန်တပ်ဖွဲ့ကရိုက်နှက်ပြီး ရေများလောင်း နှိပ်စက်ခဲ့ လွှတ်မြောက်လာသော အမည်မဖော်လိုသူ အီရတ်အကျဉ်းသားထုတ်ဖော်ပြောကြား

ဘဂ္ဂဒက် မေ ၁၅

အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များ ဖမ်းဆီးထိန်းသိမ်းထားသည့် အီရတ်အကျဉ်းသားများကို အမေရိကန်တပ်ဖွဲ့ဝင်များက ညှဉ်းပန်းနှိပ်စက်ခဲ့သော ဓာတ်ပုံများ ထွက်ပေါ်လာမှုကြောင့်ကမ္ဘာတစ်ဝန်းကိုတုန်လှုပ်စေခဲ့သည်။ ထိုညှဉ်းပန်းနှိပ်စက်ပြုမှုများနှင့်ပတ်သက်ပြီး နိုင်ငံ တကာမှာ စိုးရိမ်မှုများကြီးထွားလာခဲ့ရာ အထိန်းသိမ်းခံအီရတ် အကျဉ်းသားများကို ယမန်နေ့က ပြန်လွှတ်ပေးလိုက်ပြီဖြစ်သည်။

ယမန်နေ့ နံနက်က အီရတ်အကျဉ်းသားများကို ဘတ်စ်ကားငါးစီးဖြင့် အကျဉ်းထောင်အပြင်ဘက်သို့ ပို့ဆောင်ပေးခဲ့ရာ ၎င်းတို့၏ မိသားစုများလာရောက်စောင့်ကြိုနေခဲ့ကြသည်။ အမေရိကန်နှင့် အပေါင်းပါတို့ ဖမ်းဆီးထားသည်မှာ တစ်နှစ်ကျော်ကြာပြီဖြစ်သည့် ၎င်း၏အစ်ကို လွတ်မြောက်ခြင်းမရှိကြောင်း၊ ၎င်းတွင် ကလေးများစွာရှိကြောင်း၊ စိတ်ဒုက္ခရောက်နေကြရကြောင်း လွတ်မြောက်ခြင်းမရှိသေးသည့်အီရတ်အကျဉ်းသားတစ်ဦး၏ ဆွေမျိုးတစ်ဦးက ပြောကြားခဲ့သည်။ အမေရိကန်တို့သည် ၎င်းကို ရိုက်နှက်ခဲ့ပြီး ရေများလောင်းကာ နှိပ်စက်ပြုမှုခဲ့ကြောင်း အမည်မဖော်လိုသူ လွတ်မြောက်လာသည့် အီရတ်အကျဉ်းသားတစ်ဦးက ပြောကြားခဲ့သည်။ အမေရိကန်နှင့် အပေါင်းပါတို့ ဖမ်းဆီးထိန်းသိမ်းထားသူများထဲမှ ခန့်မှန်းခြေ၇၀ရာခိုင်နှုန်းနှင့် ၉၀ ရာခိုင်နှုန်း အတွင်းရှိ အီရတ်များသည် မှားယွင်းစွာဖမ်းဆီးခံခဲ့ရသူများ ဖြစ်သည်ဟု နိုင်ငံတကာ ကြက်ခြေနီအဖွဲ့က သတင်းပေးပို့ခဲ့သည်။

(စီအင်န်အင်န်)

ဘဂ္ဂဒက်ရှိ အဘူဂါရိပ်အကျဉ်းစခန်းအပြင်ဘက်တွင် အီရတ်အကျဉ်းသားများ၏သတင်းကို စောင့်ဆိုင်းနေသည့် အီရတ်တစ်ဦးက အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအား မကျေနပ်ချက်များ ပြောဆိုနေသည်ကို မေ ၁၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အီရတ်အကျဉ်းသားများအား ကန်တပ်ဖွဲ့ဝင်များ ညှဉ်းပန်းနှိပ်စက်မှု အီတလီအစိုးရ ပြစ်တင်ရှုတ်ချကြောင်း ကြေညာချက်ထုတ်ပြန်

ရောမ မေ ၁၅

အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်ခြင်းကို ရှုတ်ချသည့် ကြေညာချက်တစ်စောင်ကို အီတလီအစိုးရက သောကြာနေ့တွင် ထုတ်ပြန်လိုက်ပြီး ယင်းကိစ္စသည် မကောင်းသတင်းများ ပေါ်ထွက်လာသည်အထိ လွဲမှားစွာဆောင်ရွက်ခြင်းကို သတိမမူခြင်းကြောင့် ဖိအားပေးခံရသည်ဟု ဖော်ပြထားသည်။

ယင်းကြေညာချက်ကို ဝန်ကြီးအဖွဲ့ အစည်းအဝေးတစ်ရပ်ကျင်းပပြီး ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အီတလီအစိုးရက ယင်းညှဉ်းပန်းနှိပ်စက်မှုဖြစ်ရပ်များကို ရှုတ်ချကြောင်း၊ ပြစ်မှုကျူးလွန်သူများကို မကြာခင်အပြစ်ပေးမှုကို တွေ့မြင်လိုကြောင်း ဆိုထားသည်။

ပယ်ချ

အဆိုပါဝန်ကြီးအဖွဲ့သည် ပူးတွဲတာဝန်ရှိသည်ဟု စွပ်စွဲချက်များ သို့မဟုတ် ရက်ဖွယ်ကောင်းပြီး စက်ဆုပ်ဖွယ်ကောင်းသည့် ပြုမူလုပ်ဆောင်မှုများနှင့်စပ်လျဉ်းပြီး နှုတ်ဆိတ်နေ သည်ဟုဆိုခြင်းတို့ကို ဒေါသတကြီး ပယ်ချခဲ့သည်ဟု ၎င်းက ကြေညာချက်၌ ဆိုထားသည်။

မီးမောင်းထိုးပြ

ပူးပေါင်းအဖွဲ့တွင် ပါဝင်သော အခြားသောနိုင်ငံများ၏ တပ်ဖွဲ့ဝင်များကလည်း ညှဉ်းပန်းနှိပ်စက်ခဲ့မှု မကျူးလွန်ခဲ့သည်ကို ၎င်းက မီးမောင်းထိုးပြခဲ့သည်။

အီရတ်တွင် အီတလီတပ်ဖွဲ့ဝင် ၃၀၀၀နီးပါး တာဝန်ထမ်းဆောင်နေခြင်းကို ထောက်ခံမှုရရန်အတွက် ပြီးဆုံးသွားပြီဖြစ်သည်ဟု ယင်းကြေညာချက်က ဖော်ပြသည်။

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်၏ မိတ်ဆွေဖြစ်သည့် ဗဟိုလက်ျာအစိုးရက အတိုက်အခံပါတီ၏စွပ်စွဲချက်ဖြစ်သည့် ယင်းညှဉ်းပန်းနှိပ်စက်မှုများကို သိကိုသိရမည်ဆိုသည်ကို ထပ်တလဲလဲ ပယ်ချလိုက်သည်။

အီတလီအစိုးရသည် ၎င်းညှဉ်းပန်းနှိပ်စက်မှုများကို မသိရှိကြောင်း အီတလီကာကွယ်ရေးဝန်ကြီး အင်တိုနီမာတင်နိုက အောက်လွှတ်တော်သို့ ဗုဒ္ဓဟူးနေ့က ပြောကြားခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်အကျဉ်းသားများကိုစစ် ဗြိတိန်တပ်ဖွဲ့ဝင်လေးဦးအား စုံစမ်းစစ်ဆေး

လန်ဒန် မေ ၁၆

ဗြိတိသျှတပ်ဖွဲ့ဝင် လေးဦးကို အီရတ်အကျဉ်းသားများအား မတရားညှဉ်းပန်းနှိပ်စက်သည်ဆိုသော စွပ်စွဲချက်များနှင့်ပတ်သက်၍ စစ်ဆေးမေးမြန်းခဲ့ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက စနေနေ့၌ ပြောကြားသည်။

ဖိအားပေး

ယင်းသို့ ဗြိတိသျှတပ်ဖွဲ့ဝင်များကို စစ်ဆေးမေးမြန်းခြင်းသည် အစိုးရအပေါ် ဖိအားပေးမှု ရှိနေဆဲရှိသည်ကို ဖော်ပြခဲ့သည်။

လွှတ်ပေး

ယခုဖမ်းဆီးခံရသော ဗြိတိသျှတပ်ဖွဲ့ဝင်လေးဦးသည် ဓာတ်ပုံအတုများနှင့် ပတ်သက်မှုမရှိကြောင်း၊ ထိုလေးဦးကို ဖမ်းဆီးပြီးနောက် စစ်ရဲအဖွဲ့က စွပ်စွဲခြင်းမရှိဘဲ လွှတ်ပေးလိုက်ကြောင်း စစ်ဘက်ဆိုင်ရာက ပြောသည်။ **အမ်အင်အေ၊ရိုက်တာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကျူးဘားစီးပွားရေးကို အကျပ်တွေ့စေမည့် ကန်လုပ်ဆောင်ချက်သစ် သမ္မတ ကတ်စထရို ဦးဆောင်၍ ဟာဗားနား၌ စုရုံးကန့်ကွက်ဆန္ဒပြ

ဟာဗားနား မေ ၁၅

ကျူးဘားနိုင်ငံ၏စီးပွားရေးကို အကျပ်အတည်းဖြစ်စေပြီး ကွန်မြူနစ်အစိုးရပြုတ်ကျစေရန် လုပ်ဆောင်သော အမေရိကန်ပြည်ထောင်စု၏ ခြေလှမ်းသစ်များကို သမ္မတ ဖီဒယ်လ်ကတ်စထရိုသည် လူထောင်ပေါင်းများစွာအား ဦးဆောင်ကာ သောကြာနေ့က ဟာဗားနားမြို့၌ ကန့်ကွက်ဆန္ဒပြခဲ့သည်။

ထိုသို့ အလုပ်သမားများ၊ ကျောင်းသားများနှင့် တပ်ဖွဲ့ဝင်များ ပါဝင်လျက် ကျူးဘားအလံများ ကိုင်ဆောင်ဆန္ဒပြရာတွင် အမေရိကန်သမ္မတဂျော့ဒဗလျူဘုရှ် ဆန့်ကျင်ရေးကြွေးကြော်သံများကို အော်ဟစ်ခဲ့ကြသည်။

ကြွေးကြော်

“ဘုရှ် သင်သည် ဖက်ဆစ်ဝါဒီဖြစ်သည်။ ကျူးဘားနိုင်ငံက မတွန်းလှန် နိုင်သော ကျူးကျော်ရန်စမှုဟူသည် မရှိ”ဟု အစိုးရက စီစဉ်ကျင်းပသော ခြောက်နာရီကြာ ချီတက်ပြစဉ် ဆန္ဒပြသူများက ကြွေးကြော်ခဲ့ကြသည်။

ကျူးဘားဂိုဏ်းဃနကွဲများကို ပိုမိုထောက်ခံအားပေးရန် အိမ်ဖြူက လွှန်ခဲ့သည့်အဖွဲ့၌ ချမှတ်ခဲ့သော လုပ်ဆောင်ချက်များသည် အကြင်နာမဲ့သော၊ ရိုင်းစိုင်းယုတ်မာကောက်ကျစ်သော လုပ်ဆောင်ချက်များသာဖြစ်ကြောင်း ကတ်စ်ထရိုက ပြစ်တင်ရှုတ်ချသည်။

ပါဝင်ဆင်နွှဲ

ကတ်စ်ထရို၏ ညီဖြစ်ပြီး ကတ်စ်ထရိုအား နိုင်ငံရေးဆက်ခံသူအဖြစ် ရည်ရွယ်ထားခြင်းခံရသူ ရောလ်ကတ်စ်ထရိုသည် ယူနီဖောင်းဝတ်ဖြင့် ကျူးဘားစစ်ဗိုလ်ချုပ်ကြီးများနှင့် အရာရှိများကို ဦးဆောင်ကာ ချီတက်ဆန္ဒပြပွဲ၌ ပါဝင်ဆင်နွှဲခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

အီရတ်အကျဉ်းသားမိသားစုများကိုယ်စား ဗြိတိန်ကိုပြင်သစ်ရှေ့နေတရားစွဲမည်

ပါရီ မေ ၁၅

အီရတ် အကျဉ်းသားများ၏ မိသားစုများကိုယ်စား သည်ဟိဂ် နိုင်ငံတကာရာဇဝတ်မှုတရားရုံး၌ ဗြိတိန်နိုင်ငံအား စစ်ရာဇဝတ်မှုဖြင့် တရားစွဲဆိုမည့် အစီအစဉ်များကို ပြင်သစ်ရှေ့နေတစ်ဦးက ကြာသပတေးနေ့က ကြေညာခဲ့သည်။

အီရတ်ရှိ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များ အီရတ် အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုနှင့် ပတ်သက်၍ မိမိတရားစွဲမည်ဖြစ်ကြောင်း ဂျက်ခ်ဗာဂျက်စ်က ဖုန်းဖြင့်ပြောကြားခဲ့သည်။

ပြစ်တင်ရှုတ်ချ

အမေရိကန်နှင့် ဗြိတိသျှ တပ်ဖွဲ့ဝင်များ၏ ညှဉ်းပန်းနှိပ်စက်မှုနှင့် အီရတ်အကျဉ်းသားများ၏ ဂုဏ်သိက္ခာကို စော်ကားမှုများကို ကမ္ဘာ့သတင်းဌာနများက ကျယ်ကျယ်ပြန့်ပြန့် ပြစ်တင်ရှုတ်ချခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ

ဆန္ဒပြ

မေ ၁၆ ရက်က နာဂျက်ဖ်မြို့တွင် အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်ဆန္ဒပြနေသော အီရတ်ပြည်သူများကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဖိလစ်ပိုင်အလုပ်သမား ၆၀၀ အီရတ်မှပြန်လည်ထွက်ခွာ

မနီလာ မေ ၁၅

အီရတ်နိုင်ငံရှိ အမေရိကန်စစ်အခြေစိုက်စခန်းတွင် အလုပ်လုပ်နေသော ဖိလစ်ပိုင်အလုပ်သမား ၆၀၀ခန့်သည် စိန်ပြောင်းကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခံရမှုကြောင့် ဖိလစ်ပိုင်နိုင်ငံသားတစ်ဦးသေဆုံးပြီးနောက် ယင်းတို့၏ အလုပ်များမှ နုတ်ထွက်ခဲ့ကြသည်ဟု ဖိလစ်ပိုင်တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက သောကြာနေ့တွင်ပြောကြားလိုက်သည်။

ဘလက်တွင်အလုပ်လုပ်ရ သည်မှာ စိုးရိမ်ကြောင့်ကြနေရကြောင်း၊ စိန်ပြောင်းဖြင့်အတိုက်ခံရပြီး အလုပ်လုပ်ရန် ဖိလစ်ပိုင် အလုပ်သမားများက ငြင်းဆန်ခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက သတင်းထောက်များကိုပြောကြားသည်။

အတည်ပြု

ဘဂ္ဂဒက်မြောက်ဘက် ဘလက်မြို့ အမေရိကန်စစ်အခြေစိုက်ခန်းကို အင်္ဂါနေ့ညက စိန်ပြောင်းဖြင့် တိုက်ခိုက်ခံရမှုကြောင့် ဖိလစ်ပိုင်အရပ်သားတစ်ဦး သေဆုံးသွားကြောင်း ဖိလစ်ပိုင်အစိုးရက အတည်ပြုပြောကြားခဲ့သည်။

အမေရိကန်စစ်ဘက်က ပြောဆိုရာတွင် ငါးဦးဒဏ်ရာရရှိခဲ့သည်ဟူ၍လည်းဆိုသည်။ ၎င်းသည် ယင်းတို့၏ နိုင်ငံသားများ အတိအကျမသိရသေးဟုလည်းဆိုသည်။

ခန့်မှန်း

ဘလက်မြို့ အင်နာကွန်ဒါအခြေစိုက်စခန်းရှိ လုပ်သား ၁၃၆၀ အပါအဝင် အီရတ်ရှိ ကန်ထရိုက်လုပ်ငန်းများတွင် အလုပ်လုပ်နေသော ဖိလစ်ပိုင်နိုင်ငံသား ၃၀၀၀ ရှိသည်ဟု ခန့်မှန်းထားသည်။ **အမ်အင်အေ၊ရိုက်တာ**

အကျဉ်းသားများကို ကန်တို့ နှိပ်စက်မှု ပုပ်ရဟန်းမင်းကြီးရှေ့၌ ဘုရှ် တောင်းပန်သင့်

ကရာကာ့စ် (ဗင်နီဇွဲလား) မေ ၁၆

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများအပေါ် မတရားညှဉ်းပန်းနှိပ်စက်ခဲ့မှုများအတွက် ခွင့်လွှတ်ပါရန် ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ်ရှေ့မှောက်တွင် အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်သည် ဒူးထောက်တောင်းပန်သင့်ကြောင်း ဗင်နီဇွဲလားသမ္မတဟူဂိုချားဗက်ဇ်က သောကြာနေ့တွင် ပြောကြားလိုက်သည်။

ဗာတီကန်သို့ ဇွန် ၄ရက်၌ သမ္မတဘုရှ်သွားရောက်မည့်ခရီးကို အသုံးပြုကာ အီရတ်မှ အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းကြောင်းကြေညာရန် ဗင်နီဇွဲလားသမ္မတက ဘုရှ်အား တိုက်တွန်းခဲ့သည်။ ဘုရှ်သည် ဗာတီကန်၌ ပုပ်ရဟန်းမင်း၏ရှေ့တွင် ဒူးထောက်ကာ ဘုရားသခင်အား ခွင့်လွှတ်ရန်တောင်းပန်သင့်ကြောင်း ကမ္ဘာနှင့်အီရတ်ပြည်သူတို့ကိုလည်း ခွင့်လွှတ်ရန် တောင်းပန်သင့်ကြောင်း ကရာကာ့စ်၌ပြုလုပ်သည့် သတင်းစာရှင်းပွဲ၌ ချာဗက်ဇ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

စာမျက်နှာ ၃မှ ဆောင်းပါးအညွှန်း

ဤနေရာတွင် ပြည်ထောင်စုစနစ်(Federal System)ကျင့်သုံးသည့် နိုင်ငံအချို့ကို ရွေးထုတ်တင်ပြလိုပါသည်။ သာမန်အားဖြင့် နိုင်ငံတစ်ခုတွင် ပထဝီဝင်သဘောကျယ်ပြန့်လွန်းခြင်း၊ တိုင်းရင်းသားမျိုးစုံ၊ ဘာသာစကားမျိုးစုံ၊ ယဉ်ကျေးမှုဓလေ့မျိုးစုံရှိခြင်းသည် လူမျိုးပေါင်းစုံနိုင်ငံ (Multi-national State)ထူထောင်လိုက်သော အခြေခံဖြစ်ပါသည်။ ဤအခြေခံကိုယူ၍ ဆိုဗီယက်ပြည်ထောင်စုကြီးတည်ဆောက်ခဲ့ရာ နိဂုံးပိုင်းတွင်ပြည်ထောင်စုကြီးပြိုကွဲခဲ့ရသည်မှာ အားလုံးအသိဖြစ်ပါသည်။ ဤသည်မှာ နိုင်ငံဖွဲ့စည်းပုံများယွင်း၍ မဟုတ်ဘဲ အခြားအကြောင်းများကြောင့်ဟု ဆိုရပါမည်။ အမေရိကန်ပြည်ထောင်စုသည်လည်း ယင်းသို့သော အခြေခံဖြင့်ထူထောင်ခဲ့ရာ ယခုအခါ ပြည်ထောင်စုစနစ်ကျင့်သုံးသော နိုင်ငံများအကြားတွင် ရေပန်းစားလျက်ရှိပါသည်။ **သို့သော် နိုင်ငံရေးသိပ္ပံပညာရှင် ဂျိုဟာရီ(Johari)က "Principles of Modern Political Science" စာအုပ်တွင် "In a rich country like the United States democracy is degenerated into plutocracy or the perverted rule of the weathly Persons"ဟု ဝေဖန်ထားပါသည်။ ဆိုလိုသည်မှာ အမေရိကန်လို ချမ်းသာသော နိုင်ငံကြီးက ကျင့်သုံးသော ဒီမိုကရေစီသည် ပြည်သူ့ဒီမိုကရေစီသဘောမှ ရွေ့လျားကျဆင်းခဲ့ပြီး အဆုံးစွန်တွင်ဓနရှင်တစ်စု၏ ခြယ်လှယ်ခံမှုသာဖြစ်ကြောင်း ထောက်ပြထားသည်မှာ သင်ခန်းစာယူဖွယ်ဖြစ်ပါသည်။**

နိုင်ငံသေးသော်လည်း ပြည်ထောင်စုစနစ်နှင့် စစ်မှန်သော ဒီမိုကရေစီကျင့်သုံးရာတွင် ဆွစ်ဇာလန်နိုင်ငံသည် ကမ္ဘာ့စံပြဟုဆိုပါသည်။ ယင်းနိုင်ငံမှာ ကျွန်တော်တို့ဆီက တနင်္သာရီတိုင်းထက် အနည်းငယ်သေးပါသည်။ ပြည်နယ်ကြီးငယ် ၂၆ခုရှိပြီး ပြည်နယ်အချို့တွင် ရှေးခေတ်ကကဲ့သို့ လဟာပြင်ပါလီမန် (Open-air parliament)စနစ်ကျင့်သုံးဆဲဖြစ်ကြောင်းသိရသည်။ ယင်းစနစ်အရ သတ်မှတ်ရင်ပြင်တစ်ခုတွင် မဲဆန္ဒရှင်များစုရုံးပြီး လူတော်လူကောင်းရွေးချယ်သည့်ကိစ္စ၊ အခွန်ကောက်နှုန်းအတည်ပြုသည့်ကိစ္စစသည်တို့ကို လျှို့ဝှက်မဲပေးစနစ်မဟုတ်ဘဲ ပွင့်လင်းစွာဖြောင်မဲပေး မဲခွဲစနစ်ကျင့်သုံးကြောင်း သိရပါသည်။

မြန်မာနိုင်ငံသည် ပါလီမန်ဒီမိုကရေစီနှင့်ပါတီစုံခေတ်ကိုလည်းကောင်း၊ တစ်ပါတီဆိုရှယ်လစ် ခေတ်ကိုလည်းကောင်း၊ ပါတီအရောင်အသွေးမရှိဘဲ အမျိုးသားနိုင်ငံရေးစစ်စစ်ကို ရှေးရှုဖော်ဆောင်သော ယနေ့တပ်မတော်အစိုးရ ခေတ်ကိုလည်းကောင်း ဖြတ်သန်းကြုံ တွေ့ရပြီး ဖြစ်ပါသည်။ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက် သွယ်ရေး၊ ဆည်မြောင်းတာတမံနှင့်စိုက်ပျိုးရေး၊ နယ်စပ်ဒေသနှင့် ကျေးလက်ဖွံ့ဖြိုးရေးစသည့် စီးပွားရေးနှင့် လူမှုရေးအခြေခံ အဆောက်အအုံများကိုလည်း တိုင်းနှင့်ပြည်နယ် အသီးသီးတွင် မျက်ဝါးထင်ထင် တွေ့မြင်နေရပြီ ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုစနစ်တစ်ခုကို ခေတ်မီစွာ ဖွဲ့စည်းတည်ဆောက်ကြမည်ဆိုလျှင်လည်း တိုင်းရင်းသားပြည်သူတို့၏ အတွေ့အကြုံအရ 'ရေကန်အသင့်ကြာအသင့်'ဟုဆိုနိုင်မည်ထင်ပါသည်။

အချုပ်အားဖြင့် ပြန်လည်ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကြီးတွင် အချိန်ကို အကျိုးအရှိဆုံးအသုံးချ၍ နိုင်ငံတော်အတွက် အကြံဉာဏ်များကို အညီညွတ်ဆုံး ပေးကြရမည့်ပုဂ္ဂိုလ်များမှာ ညီလာခံကိုယ်စားလှယ်ကြီးများပင် ဖြစ်ပါသည်။ ထွက်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)အပေါ် ကောင်းမွန်သည်ထက် ကောင်းမွန်အောင် ပြုပြင်မွမ်းမံပေးကြရမည့် တာဝန်မှာ တိုင်းရင်းသားပြည်သူအားလုံး၏ တာဝန်ဖြစ်ပါသည်။ ထို့ကြောင့် အမျိုးသားညီလာခံမှသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ တိုင်းရင်းသားပြည်သူအားလုံး တပ်မတော်နှင့်အတူ လက်တွဲချီတက်ကြရာတွင် ခရီးလမ်းတစ်လျှောက် ချောမွေ့ဖြောင့်ဖြူးပါစေ ဟု ဆုမွန်ကောင်းတောင်းရင်း အမျိုးသားညီလာခံကြီးကို ကြိုဆိုလိုက်ပါသည်။ ။

စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ် ဖြစ်ထွန်းရေးအတွက် အခြေခံဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရန် အခြေခံရမည့်မူများကိုချမှတ်ပေးကြရမှာဖြစ်

✡ ရွှေဖုံးမှ

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ဖြစ်ထွန်းရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရန် အခြေခံမူများချမှတ်ပေးမည့် အမျိုးသားညီလာခံကြီး ချောမော အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အနေနှင့် ၂၀၀၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့က အတိအလင်း ကြေညာခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ မူဝါဒလမ်းစဉ်(၇)ရပ်အနက် ပထမအဆင့်အဖြစ် ၁၉၉၆ခုနှစ်က စတင်၍ ယာယီအားဖြင့် ဆိုင်းငံ့ထားလျက်ရှိသော အမျိုးသားညီလာခံကြီးကို ဒီကနေ့ကစပြီး ပြန်လည်ကျင်းပခြင်း ဖြစ်ပါတယ်။

အောင်မြင်ရေးအစွမ်းကုန်ကြိုးပမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသားညီလာခံကို အောင်မြင်ချောမောစွာဆက်လက် ကျင်းပနိုင်ရေးအတွက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ကို ၂၀၀၃ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့မှာ ကြေညာချက်အမှတ်(၁၀/၂၀၀၃)ဖြင့် ကျွန်တော်အပါအဝင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးတို့ကို ပြောင်းလဲတာဝန်ပေးအပ်ခဲ့ပါတယ်။ အလားတူ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီတို့ကိုလည်း ပြန်လည် ပြင်ဆင်ဖြည့်စွက် ပြောင်းလဲဖွဲ့စည်းပေးခဲ့ပါတယ်။ ကျွန်တော်တို့အဖွဲ့များအနေဖြင့် နိုင်ငံတော်မှတာဝန်ပေးအပ်ထားသည့်အတိုင်း အမျိုးသားညီလာခံကြီးကို အောင်မြင်ချောမောစွာ ပြန်လည်ကျင်းပနိုင်ရေးအတွက်အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ညီလာခံ ကိုယ်စားလှယ်ကြီးများခင်ဗျား-

ကျွန်တော်တို့ နိုင်ငံအတွက် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးဟာ နိုင်ငံသားအားလုံး၏ တာဝန် ဖြစ်ပါတယ်။ အသက်တမျှအရေးကြီးတဲ့ ဒီတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ကြရန်အတွက် ကျွန်တော်တို့တစ်တွေ ဒီအစည်းအဝေးခန်းမထဲကို ရောက်ရှိလာကြတာဖြစ်ပါတယ်။ ခိုင်မာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် ခိုင်မာတဲ့ အခြေခံရမည့်မူများ ချမှတ်ရေးဟာ အရေးကြီးလှပါတယ်။ ၁၉၉၃ ခုနှစ်မှ ၁၉၉၆ခုနှစ်အတွင်း ကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသားညီလာခံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံရမည့်မူ (၁၀၄) ချက်နှင့် အသေးစိတ်အခြေခံရမည့်မူများကို အဆိုပါညီလာခံသို့ တက်ရောက်ခဲ့ကြတဲ့ ကိုယ်စားလှယ်တော်ကြီးများ သဘောတူချမှတ်နိုင်ခဲ့ကြပြီး ဖြစ်ပါတယ်။

အချိန်မရွေးအသိပေး

ယခုအခါမှာ ယခင်ကျင်းပပြုလုပ်ခဲ့သော အမျိုးသားညီလာခံမှချမှတ်ခဲ့သည့် အခြေခံရမည့်မူများအနက်ကျန်ရှိသည့် အခြေခံရမည့်မူများအတွက် အသေးစိတ် အခြေခံရမည့်မူများကို ဆက်လက်ညှိနှိုင်းဆွေးနွေး အတည်ပြု ချမှတ်သွားကြရန် ဖြစ်ပါတယ်။ ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များ အနေဖြင့် ယခင်ကကဲ့သို့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့တို့ ဖြစ်ပါတယ်။ အစုအဖွဲ့အလိုက် ကိုယ်စားလှယ်များအနေဖြင့် ကွယ်လွန်သူ၊ မကျန်းမာသူများမှအပ ကျန်ပုဂ္ဂိုလ်များ ပါဝင်ကြပါတယ်။ နိုင်ငံတော်တစ်ဝန်းလုံးမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ဟာ အတူတကွ ချစ်ကြည်ရင်းနှီးစွာ မှီတင်းနေထိုင်ကြတဲ့အတွက် အဲဒီ တိုင်းရင်းသားများကို ကိုယ်စားပြုတဲ့ တိုင်းရင်းသား ကိုယ်စားလှယ်အများစုလည်း ပါဝင်ပါတယ်။ ညီလာခံ ကျင်းပနေစဉ်အတွင်း ကိုယ်စားလှယ်ကြီးများအတွက် နေရေးထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာပျော်ရွှင်ရေးကအစ လိုလေသေးမရှိအောင် စီမံဆောင်ရွက်ပေးထားပါတယ်။ ဝန်ထမ်းပေါင်း တစ်ထောင်ကျော်နှင့် ကိုယ်စားလှယ်ကြီးများ၏ လိုအပ်ချက်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ အားနည်းချက်၊ ချို့ယွင်းချက်၊ လိုအပ်ချက်များရှိခဲ့ရင်လည်း အချိန်မရွေးအသိပေးပြောကြားသွားစေလိုပါတယ်။

ညီလာခံ ကိုယ်စားလှယ်ကြီးများခင်ဗျား-

စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ်ဖြစ်ထွန်းရေးအတွက် အခြေခံဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရန် အခြေခံရမည့်မူများကို ဤညီလာခံကြီးမှ ချမှတ်ပေးကြရမှာ ဖြစ်ပါတယ်။ ခိုင်မာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်ရေးအတွက် ခိုင်မာတဲ့ အခြေခံရမည့်မူတွေကို ချမှတ်ပေးနိုင်ဖို့လိုအပ်ပါတယ်။ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲတွေမပါဘဲ နိုင်ငံတော်၏အကျိုး၊ ပြည်သူများ၏အကျိုးအတွက် မိမိတို့တင်ပြလိုသည့် ဆန္ဒသဘောထားများနှင့် အကြံပြုချက်များကို အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်က ထုတ်ပြန်ထားသည့် အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတိုင်း အမျိုးသားညီလာခံ၏ ဦးတည်ချက်(၆)ချက်နှင့်အညီ ညှိနှိုင်းဆွေးနွေးအကြံပြုတင်ပြပေးကြပါရန် တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ။

(သတင်းစဉ်)

ရာနှုန်းပြည့်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

ယနေ့မြန်မာ စာအုပ်ထွက်ပြီ

ရန်ကုန် မေ ၁၇

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှပြုစုပြီး ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသော ယနေ့မြန်မာ အတွဲ(၇)၊ အမှတ်(၁) (မြန်မာ) စာအုပ်ကို ယနေ့မှစ၍ စာအုပ်ဆိုင်များတွင် စတင်ရောင်းချနေပြီ ဖြစ်သည်။ **(ယာပုံ)**



ဤစာအုပ်တွင် နိုင်ငံတော်အကြီးအကဲ၏ ပြည်သူ့အကျိုးပြု ခရီးစဉ်၊ ပြည်သူ့အတွက် ပြည်သူ့ တပ်မတော်၊ လာအိုဒုတိယဝန်ကြီးချုပ်၏ ချစ်ကြည်ရေးခရီး၊ တရုတ် ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီး၊ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ရှမ်းပြည်နယ်တစ်ခွင် ခရီးစဉ်၊ အိုင်တီနည်းပညာ ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ရေး၊ (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ပြပွဲ၊ ဘင်းမ်စတက် ချန်ပီယံရွှေမြန်မာ၊ အသက်(၁၄)နှစ်အောက်အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲ၊ အာနန္ဒာဘုရားပွဲ၊ မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်၊ ပန်းချီဆရာကြီး ဦးသိန်းဟံစသည့် မြန်မာနိုင်ငံအကြောင်းသိကောင်းစရာများကို ရောင်စုံဓာတ်ပုံများဖြင့် ဝေဝေဆာဆာ ဖော်ပြထားသည်။

ယနေ့ မြန်မာ(မြန်မာ) စာအုပ်ကို ကုန်သည်လမ်း စာပေဗိမာန်အရောင်းဆိုင်၊ သိမ်ဖြူလမ်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)နှင့် ခရိုင်ရုံးများ၊ မြို့နယ်ရုံးများတွင် ယနေ့မှစ၍ ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

(က-ပ)

မျိုးချစ်သူတို့ ဆုံစည်းပြီ

❊ ကြုံသမျှခြေနေ၊ တွေဝေမရှိ
သတိနှင့်ယှဉ်၊ ဆင်ခြင်သုံးသပ်
ကိုယ့်ရပ် ကိုယ့်ပြည်၊ ကိုယ့်ဌာနီ၏
ရေရှည်အကျိုး၊ မျှော်ကိုးစီစဉ်
လုပ်ငန်းခွင်မှာ၊ ပျော်ရွှင်တူတကွ
ညှိနှိုင်းကြလျက်၊ သာစွဌာနီ
မြန်မာပြည်ကြီး၊ ရှေ့ခရီးမှာ
တထီးလွှားလွှား၊ မရှိငြားဘဲ
စည်ကားအေးချမ်း၊ ဘေးမသန်းဘဲ
ဆင့်တန်းခေတ်မီ၊ ဒီမိုကရေစီနိုင်ငံ
ဖြစ်တည်ရန်တွက်၊ အားတက်ရွှင်လန်း
ရည်မှန်းလာသူ၊ မျိုးချစ်သူတွေ
ဆုံစည်းနေပြီ၊ စည်းဝေးပြီ။

❊ စည်းဝေးတိုင်ပင်၊ လုပ်ငန်းခွင်သို့
လေတွင်လွင့်လာ၊ အဆိပ်ပါသည့်
ရောဂါပိုးတွေ၊ ရောက်လာချေက
ရှိနေပြီးသား၊ အင်အားအစစ်
မျိုးချစ်လက်နက်၊ အစွမ်းထက်ဖြင့်
တိုက်ဖျက်ပစ်မှာ၊ သေချာပါကြောင်း
ကောင်းကောင်းတို့များသိပါ၏။ ။

ဖိုးဝ

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုး အခြေခံရမည့်မူများအနက် ဥပဒေပြုအဖွဲ့အစည်းအဆင့်ဆင့်ဖွဲ့စည်းမှုနှင့်စပ်လျဉ်းပြီးရှင်းလင်းပြောကြား



အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံက ချမှတ်ပြီးသော အသေးစိတ်အခြေခံရမည့် မူများအနက် ဥပဒေပြုအဖွဲ့ အစည်းအဆင့်ဆင့် ဖွဲ့စည်းမှုနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက ရှင်းလင်း ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၁၇

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၏ အမျိုးသားညီလာခံက ချမှတ်ပြီးဖြစ်သော အသေးစိတ်အခြေခံရမည့်မူများအနက် ဥပဒေပြုအဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းမှုနှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

သဘာပတိကြီးနဲ့ အမျိုးသားညီလာခံ ကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်တော်များ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေ၊ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဆွေးနွေးချမှတ်

ညီလာခံကိုယ်စားလှယ်တော်များ သိရှိပြီးဖြစ်တဲ့အတိုင်း ယခုကျင်းပနေတဲ့ အမျိုးသားညီလာခံကြီးမှာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေ၊ နိုင်ငံတော်ရဲ့ သဘာဝအနေအထား၊ သမိုင်းကြောင်းအခြေခံ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစတဲ့ အခြေအနေ အရပ်ရပ်တွေနဲ့ လိုက်လျောညီထွေဖြစ်စေပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲတဲ့အခါမှာ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများကို အမျိုးသားညီလာခံက ဆွေးနွေးချမှတ်သွားကြမှာဖြစ်ပါတယ်။

ယခုတက်ရောက်လာတဲ့ ညီလာခံကိုယ်စားလှယ်များ လေ့လာသိရှိနိုင်ဖို့ အမျိုးသားညီလာခံက ချမှတ်ပြီးစီးခဲ့တဲ့ အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများကို စာအုပ်ရိုက်နှိပ်ပြီး ကိုယ်စားလှယ်များထံ ဝေငှထားပြီးဖြစ်ပါတယ်။ အဲဒီလိုအမျိုးသားညီလာခံက ချမှတ်ပြီးဖြစ်တဲ့ အခြေခံမူများနဲ့ အသေးစိတ် အခြေခံရမယ့်မူများကို ညီလာခံကိုယ်စားလှယ်ကြီးများ သိရှိနိုင်ရန် အကျဉ်းချုံးပြီး တင်ပြရမယ်ဆိုရင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ ပါရှိသင့်တဲ့အခန်းအလိုက် ခေါင်းစဉ် ၁၅ခုနဲ့ အဲဒီခေါင်းစဉ်များရဲ့ ရှေ့နောက် အစီအစဉ်သတ်မှတ်ခြင်းကို ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ပါတယ်။ အဲဒီအခန်းအလိုက်ခေါင်းစဉ်များကို သတ်မှတ်ပြီးတဲ့နောက် အခန်းအလိုက် ခေါင်းစဉ်များရဲ့ ရှေ့နောက် အစီအစဉ်အတိုင်း နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ အခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများကို ချမှတ်ခဲ့ပါတယ်။

နိုင်ငံသားအားလုံး၏အထွတ်အထိပ်

နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနဲ့ စပ်လျဉ်းပြီး နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်ရန်နဲ့ နိုင်ငံတော်ကို တိုင်းဒေသကြီး ခုနစ်ခု၊ ပြည်နယ်ခုနစ် ပြည်နယ်နဲ့ ပြည်ထောင်စုနယ်မြေများဖြင့် ပိုင်းခြားသတ်မှတ်မှာဖြစ်ပါတယ်။ အဲဒီတိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးတို့ဟာ အဆင့်အတန်းတူညီကြမှာဖြစ်ပါတယ်။ တိုင်းဒေသကြီးများ သို့မဟုတ် ပြည်နယ်များတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရရှိပြီးသည့် တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသားလူမျိုးများအနက် လျော်ကန်သင့်မြတ်သည့် လူဦးရေရှိပြီး နယ်မြေတစ်ဆက်တစ်စပ်တည်းတွင် စုစုစည်းစည်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအတွက် လူဦးရေနှင့် နယ်မြေအကျယ်အဝန်းအပေါ် အခြေပြု၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအဖြစ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများကို သတ်မှတ်ထားရှိပြီး ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော် အကြီးအကဲအခန်းနဲ့ စပ်လျဉ်းလို့ နိုင်ငံတော်အကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်ကို ကိုယ်စားပြုသည်။ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စု မြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် နိုင်ငံသားအားလုံး၏ အထွတ်အထိပ် နေရာရရှိသည်လို့ သတ်မှတ်ထားပြီး ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်မယ့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းများအတွက် အသေးစိတ်အခြေခံရမယ့်မူများကိုလည်း အမျိုးသားညီလာခံက ချမှတ်ခဲ့ပြီးဖြစ်ပါတယ်။ ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းနဲ့ စပ်လျဉ်းပြီး နိုင်ငံတော်မှာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ဟူ၍ လွှတ်တော်နှစ်ရပ် ဖွဲ့စည်းထားရှိပြီး အဲဒီလွှတ်တော်နှစ်ရပ် ပါဝင်တဲ့ နိုင်ငံတော်ရဲ့ အမြင့်ဆုံး ဥပဒေပြု အဖွဲ့အစည်းဖြစ်တဲ့ ပြည်ထောင်စုလွှတ်တော်ရှိမှာ ဖြစ်ပါတယ်။

လွှတ်တော်များဖွဲ့စည်းထားရှိ

ပြည်သူ့လွှတ်တော်ကိုလွှတ်တော်ကိုယ်စားလှယ်ဦးရေ ၄၄၀ဖြင့် ဖွဲ့စည်းပြီး အမျိုးသားလွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၂၂၄ ဦးဖြင့် ဖွဲ့စည်းထားမှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွေကိုလည်း ဖွဲ့စည်းထားရှိမှာ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို သတ်မှတ်ချက်များနဲ့အညီ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ မဲဆန္ဒပေးပိုင်ခွင့်ရှိသူများက ရွေးကောက်တင်မြှောက်ကြမှာ ဖြစ်ပါတယ်။ အဲဒီလို ရွေးကောက်တင်မြှောက်ရာမှာ တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များလည်း ပါဝင်ခွင့်ရရှိကြမှာ ဖြစ်ပါတယ်။ ဒါ့အပြင် အမျိုးသားလွှတ်တော်မှာလည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီမှ ၁၂ ဦးကျစီ ရွေးကောက်တင်မြှောက်ထားတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တွေ ပါရှိမှာ ဖြစ်ပါတယ်။ အဲဒီလို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးကျစီ ရွေးကောက်တင်မြှောက်ရာမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တစ်ခုစီမှ တစ်ဦးကျစီ ရွေးကောက်တင်မြှောက်သောအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ပါတယ်။

ဒီလိုဖွဲ့စည်းထားတဲ့ လွှတ်တော်နှစ်ရပ်ရဲ့ အသွင်သဏ္ဌာန်ကို ကြည့်ခြင်းအားဖြင့် တိုင်းရင်းသားလူမျိုးအများအပြားကို ကိုယ်စားပြုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်မှာကို တွေ့မြင်နိုင်ပါတယ်။

သဘာပတိကြီးခင်ဗျား–

တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်ဖွဲ့စည်းပုံကို တင်ပြရရင် အဲဒီလွှတ်တော်တွေမှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှာရှိတဲ့ မြို့နယ်တိုင်းက ရွေးကောက်တင်မြှောက်တဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးကျစီ ပါဝင်မှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များပါဝင်

ထို့အပြင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း နေထိုင်ကြတဲ့ မဲဆန္ဒရှင်များအနက် ထိုတိုင်းဒေသကြီး သို့မဟုတ်၊ ပြည်နယ်ရရှိပြီးသော သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်သည့် နိုင်ငံတော်ရှိ လူဦးရေစုစုပေါင်း၏ သုည ဒသမတစ်(၀.၁) ရာခိုင်နှုန်းနှင့် အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သော တိုင်းရင်းသားလူမျိုးအသီးသီးက တစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များလည်း ပါဝင်မှာဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

တစ်နည်းအားဖြင့် ရှင်းလင်းတင်ပြရမယ်ဆိုရင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရရှိပြီးသော လူမျိုးများမှအပ ကျန်လူမျိုးတစ်မျိုးဟာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ပြန့်ကျဲနေထိုင်စေကာမူ အဲဒီလူမျိုးတွေရဲ့ ဦးရေဟာ နိုင်ငံတော်ရှိ လူဦးရေစုစုပေါင်း၏ သုည ဒသမတစ်(၀.၁) ရာခိုင်နှုန်းနှင့် အထက်ရှိကြောင်း၊ သက်ဆိုင်ရာက သတ်မှတ်သော တိုင်းရင်းသား လူမျိုးအသီးသီးဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကျစီ ရွေးကောက်တင်မြှောက်နိုင်ခွင့် ရရှိကြမှာဖြစ်ပါတယ်။

ရွေးကောက်တင်မြှောက်

နိုင်ငံတော်ရှိလူဦးရေစုစုပေါင်း၏ သုည ဒသမတစ်(၀.၁) ရာခိုင်နှုန်းဆိုရာမှာ ကျွန်တော်တို့နိုင်ငံရဲ့ လူဦးရေဟာ ၅၃သန်းကျော် ရှိတဲ့အတွက် ယင်းလူဦးရေ၏ သုည ဒသမတစ်(၀.၁)ဖြစ်သည့် လူဦးရေငါးသောင်းသုံးထောင်ကျော်ရှိတဲ့ တိုင်းရင်းသားလူမျိုးအသီးသီးက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကျစီကို ရွေးကောက်တင်မြှောက်နိုင်မှာ ဖြစ်ပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များတွင်လည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရရှိပြီးသော လူမျိုးမှအပ ကျန်နေထိုင်ကြသော တိုင်းရင်းသား လူမျိုးတစ်မျိုး၏ လူဦးရေဟာ တစ်သောင်းကျော်ရှိလျှင် ယင်းလူမျိုးကို ကိုယ်စားပြုတဲ့ဦးစီးအဖွဲ့ဝင်တစ်ဦး ပါဝင်ခွင့်ရရှိမှာဖြစ်ပါတယ်။

ဤဥပဒေပြုအဖွဲ့အစည်းများရဲ့ ဖွဲ့စည်းမှုများကို သုံးသပ်မယ်ဆိုရင် ဥပဒေပြု အဖွဲ့အစည်းအသီးသီးမှာ ကျွန်တော်တို့ရဲ့ တိုင်းရင်းသားညီအစ်ကို အများအပြားပါဝင်ခွင့်ရရှိကြမှာကို တွေ့ကြရမှာဖြစ်ပါတယ်။

သဘာပတိကြီးနဲ့ ညီလာခံကိုယ်စားလှယ်များခင်ဗျား–

အခု ကျွန်တော် ရှင်းလင်းတင်ပြချက်များဟာ အမျိုးသားညီလာခံကြီးကချမှတ်ထားပြီးဖြစ်တဲ့ အသေးစိတ်အခြေခံရမယ့်မူတွေကို အကျဉ်းချုံးပြီး ရှင်းလင်းတင်ပြတာ ဖြစ်ပါတယ်။ အသေးစိတ်ကိုတော့ ညီလာခံကိုယ်စားလှယ်များထံ ဝေငှထားပြီးဖြစ်တဲ့ "အမျိုးသား ညီလာခံ စုံညီအစည်းအဝေးများက ၃၀-၃-၉၆နေ့အထိ ချမှတ်ပြီးစီးခဲ့သည့် အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများ" စာအုပ်တွင် ပါရှိပါတယ်။ ယခုတင်ပြခဲ့တဲ့ ကိစ္စရပ်များနဲ့စပ်လျဉ်းလို့ မရှင်းလင်းတာများရှိခဲ့ရင် ညီလာခံကိုယ်စားလှယ်များအနေနဲ့ အစုအဖွဲ့ အစည်းအဝေးများမှာ မေးမြန်းနိုင်ပါကြောင်းနဲ့ အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသို့လည်း လာရောက်မေးမြန်းနိုင်ပါကြောင်း ပြောကြားလိုပါတယ်။

ရှင်းလင်းတင်ပြ

ယခုကျင်းပမယ့် အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာဥပဒေပြုအဖွဲ့အစည်းအသီးသီးက ဥပဒေပြုဖို့လိုအပ်ရင် ဥပဒေပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းများကို လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များက ဥပဒေပြုပိုင်ခွင့်ရှိတဲ့ ကိစ္စရပ်များကိုလည်းကောင်း၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

အဲဒီလို ရှင်းလင်းတင်ပြပြီးတဲ့အခါ ညီလာခံကိုယ်စားလှယ်ကြီးများက မိမိတို့ အစုအဖွဲ့များမှာ အကျေအလည် ဆွေးနွေးကြပြီး မိမိတို့ရဲ့ ဆန္ဒသဘောထားများကို စာတမ်းများပြုစုတင်ပြကြဖို့ မေတ္တာရပ်ခံရင်း နိဂုံးချုပ်ပါတယ်။ ။ **(သတင်းစဉ်)**

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လာသော ပြည်တွင်းပြည်ပ သတင်းစာဆရာများအား တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

18-5 (07).p65 1 03/24/1905, 4:27 PM

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

▼ **ကျောဖုံးမှ**

အဆိုပါ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီ အသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများဖြစ်သည့် စင်ကာပူ၊ ဖိလစ်ပိုင်၊ ဘရူနိုင်း၊ ဗီယက်နမ်၊ ရုရှား၊ မလေးရှား၊ ကိုရီးယားသမ္မတနိုင်ငံ၊ အိန္ဒိယ၊ ဂျပန်၊ အီဂျစ်၊ ဘင်္ဂလားဒေ့ရှ်၊ လာအို၊ ကမ္ဘောဒီးယား၊ သီရိလင်္ကာ၊ ဩစတြေးလျ၊ အင်ဒိုနီးရှား၊ ထိုင်းနှင့် ပါကစ္စတန်နိုင်ငံတို့မှ သံအမတ်ကြီးများ၊ ဆားဗီးယားနှင့်မွန်တီနီဂရို၊ နီပေါနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးတို့မှ သံရုံးယာယီတာဝန်ခံများ၊ UNHCRဌာနေ ကိုယ်စားလှယ်၊ ဂျပန်နိုင်ငံသံရုံးမှ သံမှူး၊ မြန်မာနိုင်ငံနိုင်ငံခြားသတင်းထောက်များအသင်းနာယက၊ဥက္ကဋ္ဌနှင့် အသင်းဝင်သတင်းထောက်များ၊ ပြန်ကြားရေးနှင့်စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၊ လေ့လာသူများ၊ နိုင်ငံရေးပါတီများ ဖြစ်သည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို့(ခေါ်)ခမီအမျိုးသားညီညွတ်ရေးအဖွဲ့၊လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို့(ခေါ်)ခမီအမျိုးသား ညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသောကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသား ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များဖြစ်သည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်ရုံး၊ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် ငြိမ်းချမ်းရေးရယူထားသော ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၂)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အထူးဒေသ(၃)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အထူးဒေသ(၄)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅)(KDA)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အထူးဒေသ(၆)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၇)၊ ကချင်ပြည်နယ်အထူးဒေသ(၁)၊ကချင်ပြည်နယ်အထူးဒေသ (၂)၊ ကယားပြည်နယ်အထူးဒေသ(၁)၊ကယားပြည်နယ်အထူးဒေသ (၂)၊ ကယားပြည်နယ်အထူးဒေသ (၃)၊ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ(KNDP)နဂါးအဖွဲ့၊ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ(KNPP)ခွဲထွက်(ဟိုယာ)၊ ကရင်နီ အမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့(ကမစည)၊ ရှမ်းပြည်နယ်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ)၊ မွန်ပြည်သစ်ပါတီ၊တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး(DKBA)၊ ဟောင်သရောအထူးဒေသအဖွဲ့၊ ဘုရားကုန်း အထူးဒေသအဖွဲ့၊ ရှမ်းပြည်အမျိုးသားတပ်မတော်၊ ဗမာပြည်ကွန်မြူနစ်ပါတီ (ရခိုင်အဖွဲ့)၊ ဟိုမိန်းဒေသသက်သာချောင်ချိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့၊ ရွှေပြည်အေး(MTA)အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့(ချောင်ချိဒေသ)၊ မွန်(ခွဲထွက်)နိုင်စိုက်ချမ်းအဖွဲ့၊ ရခိုင်တပ်မတော်(အေအေ)တို့မှ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံစုံညီအစည်းအဝေး မစတင်မီ နံနက် ၇နာရီ မိနစ် ၂၀မှစတင်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသား

တက်ရောက်

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ ညီလာခံကိုယ်စားလှယ်များ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်လာကြသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

18-5 (08).p65 1 03/24/1905, 4:27 PM

ညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင် အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံစုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များနားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ထို့အပြင် အမျိုးသားညီလာခံသို့ ကျန်းမာရေး မကောင်းသည့်တိုင် စိတ်အားထက်သန်စွာဖြင့် တက်ရောက်လာသော ပြည်ထောင်စုကရင် အမျိုးသားများအဖွဲ့ချုပ်မှ ညီလာခံကိုယ်စားလှယ် ဦးမန်းတင်အောင်သန်းသည် ဆေးဝါးကုသမှုခံယူနေသည့်ကြားမှ ဆေးရုံ၌ အမျိုးသားညီလာခံ

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိ အမျိုးသား ညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယ ဗိုလ်ချုပ်ကြီး သိမ်းစိန်မော်ကွန်းတင်လက်မှတ်ရေးထိုးစဉ်။

(သတင်းစဉ်)

စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်သည်။

အခမ်းအနားမှူး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင်အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အခမ်းအနားမှူးအဖြစ်ဆောင်ရွက်သည်။

စတင်ဖွင့်လှစ်

ရှေးဦးစွာ အခမ်းအနားမှူး အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၈ ဦးရှိပြီး ၁၀၇၆ ဦးတို့ တက်ရောက်လာကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ဒသမ၉ ရာခိုင်နှုန်းရှိသဖြင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ဖွင့်လှစ်ကြောင်း ကြေညာသည်။

လက်မှတ်ရေးထိုး

ထို့နောက် သဘာပတိအမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် အမျိုးသားညီလာခံ စုံညီအစည်းအဝေး မော်ကွန်းတင် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် သဘာပတိအမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ



ညီလာခံ ကိုယ်စားလှယ်များ

အမျိုးသားညီလာခံ စုံညီ အစည်းအဝေးသို့ တက်ရောက် ကြသည့် ညီလာခံ ကိုယ်စားလှယ်များအား တွေ့ရစဉ်။
(သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမျိုးသားညီလာခံ စုံညီအစည်းအဝေးအဖွင့်မိန့်ခွန်း ပြောကြားပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

(သဘာပတိ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ အဖွင့်မိန့်ခွန်းကို သီးခြားဖော်ပြထားပါသည်။)

တွေ့ဆုံနှုတ်ဆက်

အစည်းအဝေး ခေတ္တရပ်နားချိန်တွင် သဘာပတိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် အမျိုးသား ညီလာခံကျင်းပနေမှုကို လေ့လာရန် တက်ရောက်လာကြသော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံး ယာယီတာဝန်ခံများ၊ သံတမန်များအား ရင်းနှီး ခင်မင်စွာ တွေ့ဆုံနှုတ်ဆက်ကြသည်။

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကိုပြန်လည်ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

(အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရှင်းလင်းပြောကြားသော အမျိုးသားညီလာခံလုပ်ထုံးလုပ်နည်းဆိုင်ရာရှင်းလင်းချက်များကို သီးခြားဖော်ပြထားပါသည်။)

ဆက်လက်၍အမျိုးသားညီလာခံက ချမှတ်ပြီးသော အသေးစိတ်

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအားတွေ့ရစဉ်။
(သတင်းစဉ်)

အခြေခံရမည့်မူများအနက် ဥပဒေပြုအဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းမှုနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးက ရှင်းလင်းပြောကြားသည်။

(အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၏ ရှင်းလင်းပြောကြားချက်များကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကိုယ်စားလှယ်အစုအဖွဲ့အလိုက် လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး နံနက်၁၀နာရီ ၁၅မိနစ်တွင် (၁၇–၅–၂၀၀၆)ရက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရပ်နားလိုက်သည်။ အဆိုပါ အမျိုးသားညီလာခံစုံညီ အစည်းအဝေးကို မေ၁၈ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား

ရန်ကုန် မေ ၁၇

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

မြန်မာနိုင်ငံ တစ်ဝန်းလုံး၌ရှိကြသည့် တိုင်းရင်းသားပေါင်းစုံ အလွှာပေါင်းစုံတို့မှ ပုဂ္ဂိုလ်များသည် နောင်ဖြစ်ပေါ်လာမည့် နိုင်ငံတော်သစ်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲရာတွင် ပါဝင်ရမည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းအတွက် အသေးစိတ်အခြေခံမူများကို ချမှတ်နိုင်ရန် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရန် ဤခန်းမကြီးထဲကို တစ်စုတစ်ဝေးတည်း စုရုံးရောက်ရှိနေကြပြီဖြစ်ကြောင်း။

မိမိအနေဖြင့် ကိုယ်စားလှယ်ကြီးများ သိသင့်သိထိုက်သည့် အမျိုးသားညီလာခံ ကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ စီမံခန့်ခွဲရေးနှင့် လုံခြုံရေးဆိုင်ရာ စီစဉ်ထားရှိချက်များကို ရှင်းလင်းတင်ပြသွားမည်ဖြစ်ကြောင်း။

လူအများပါဝင်တက်ရောက်ကြသည့် အစည်းအဝေးပွဲကြီးများ၊ ဆွေးနွေးပွဲကြီးများ၊ ညီလာခံကြီးများ ကျင်းပကြသည့်အခါတွင် ယင်းအစည်းအဝေးကြီးများ အောင်မြင်ထမြောက်ရန်အတွက် ဆွေးနွေးရမည့် နည်းလမ်းများ၊ တင်ပြရမည့် ပုံစံများ၊ ညှိနှိုင်းကြရမည့် နည်းနာများကို သတ်မှတ်ထားရစမြဲဖြစ်ကြောင်း၊ ယင်းကဲ့သို့ သတ်မှတ်မထားဘဲ မိမိတို့ သဘောပေါက်သကဲ့သို့ သူတစ်မျိုး ငါတစ်ဖုံ ဆောင်ရွက်ကြမည်ဆိုလျှင် လိုရာခရီးကိုမပေါက် အချိန်များ နှောင့်နှေးကြန့်ကြာပြီး ရည်မှန်းချက်ပန်းတိုင်ကို ရောက်နိုင်မည်မဟုတ်ကြောင်း။

ပြင်ဆင်ရေးဆွဲထား

ထို့ကြောင့် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အနေဖြင့် ယခင်အမျိုးသား ညီလာခံကျင်းပစဉ်က ရေးဆွဲသတ်မှတ်ခဲ့သည့် အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ယခုပြောင်းလဲလာသော အခြေအနေအနေအထားများအရ ပြင်ဆင်ရေးဆွဲထားကြောင်း။

မိမိအနေနှင့် အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အကျဉ်းချုပ်ရှင်းလင်းတင်ပြသွားမည်ဖြစ်ကြောင်း။

ဆွေးနွေးညှိနှိုင်း

အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းစာစောင်တွင် နိဒါန်းနှင့် အခန်းခုနစ်ခန်း ပါရှိကြောင်း၊ အခန်း(၁)တွင်–

(၁) ပြည်ထောင်စုမပြိုကွဲရေး၊
(၂) တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊
(၃) အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊
(၄) စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး၊
(၅) နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးနှင့်
(၆) အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး

ဆိုသည့် အမျိုးသားညီလာခံ ဦးတည်ချက်ခြောက်ရပ်ကို ဖော်ပြထားကြောင်း၊ ကိုယ်စားလှယ်တော်ကြီးများအနေနှင့် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် ထိုအမျိုးသားညီလာခံ ဦးတည်ချက်ခြောက်ရပ် ဘောင်အတွင်းကနေ ဆွေးနွေးညှိနှိုင်းဖော်ထုတ်သွားကြရမည်ဖြစ်ကြောင်း။

အခန်း(၂)တွင် ယခုကျင်းပမည့် အမျိုးသားညီလာခံ၌–

၁။ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊
၂။ ရွေးကောက်ပွဲမှာ ရွေးချယ်ခံထားရသည့် ကိုယ်စားလှယ်များ၊
၃။ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊
၄။ တောင်သူလယ်သမားကိုယ်စားလှယ်များ၊
၅။ အလုပ်သမားကိုယ်စားလှယ်များ၊
၆။ အသိပညာရှင်အတတ်ပညာရှင်ကိုယ်စားလှယ်များ၊
၇။ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊
၈။ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ

စသည့် နိုင်ငံရေးပါတီများ၊ ရွေးချယ်ခံကိုယ်စားလှယ်များ၊ လူထုလူတန်းစားအသီးသီးမှ ကိုယ်စားလှယ်များ စုံစုံညီညီတက်ရောက်ခွင့်ရှိကြောင်း ဖော်ပြထားကြောင်း။

ကျေပွန်အောင်ဆောင်ရွက်

အမျိုးသားညီလာခံ တာဝန်ထမ်းဆောင်ကြရာတွင် တာဝန်နှင့်လုပ်ပိုင်ခွင့်ခုနစ်ရပ်၊ အခွင့်အရေးနှင့် ရပိုင်ခွင့်သုံးရပ် သတ်မှတ်ပေးထားကြောင်း၊ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို ခံစားသလို တာဝန်နှင့်လုပ်ပိုင်ခွင့်များကိုလည်း ကျေပွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ကိုယ်စားလှယ်တော်ကြီးများအတွက် ကျင့်ဝတ်နှင့်စည်းကမ်းများလည်း သတ်မှတ်ထားကြောင်း တွေ့ရကြောင်း၊ တိုင်းပြည်နှင့်လူမျိုးအတွက် အရေးအကြီးဆုံးဖြစ်သည့် အမျိုးသားညီလာခံကြီး အောင်မြင်အောင်ကျင်းပနိုင်ရေးရည်ရွယ်ပြီး သတ်မှတ်ထားရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ကိုယ်စားလှယ်တော်ကြီးများက သဘောပေါက်နားလည်ခံယူလိုက်နာသင့်ကြောင်းကို သတ်မှတ်ထားသည့် ကျင့်ဝတ်စည်းကမ်းများအနက် အရေးကြီးအချက်အချို့မှာ–

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှ တစ်ပါး အခြားမည်သည့်နိုင်ငံ၏ ကျေးဇူးသစ္စာကိုမျှ ခံယူခြင်းမပြုရန်၊
၂။ ညီလာခံသဘာပတိအဖွဲ့နှင့် ကိုယ်စားလှယ်အစုအဖွဲ့ သဘာပတိရဲ့ ညွှန်ကြားချက်များကို လေးစားလိုက်နာရန်၊

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပြီး အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (မြန်မာ့အလင်း)

၃။ ညီလာခံကိုယ်စားလှယ်တစ်ဦး၏ သိက္ခာနှင့်လျော်ညီစွာ ဆက်ဆံနေထိုင်ရန်၊ အမျိုးသားညီလာခံလုပ်ငန်း သို့မဟုတ် ဆောင်ရွက်ချက်များကို နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ ဟန့်တားခြင်း မပြုလုပ်ရန်၊
၄။ ညီလာခံကိုယ်စားလှယ်တာဝန်ကို အလွဲသုံးစားပြုပြီး ကိုယ်ကျိုးရှာခြင်း မပြုလုပ်ရန်၊
၅။ ညီလာခံအစည်းအဝေးတွင် ဓမ္မဓိဋ္ဌာန်ကျကျ ဆွေးနွေးရန်၊ ပုဂ္ဂိုလ်ရေးပုတ်ခတ်မှုများ၊ အဖွဲ့အစည်းတစ်ခုခုအား ပုတ်ခတ်မှုများကို ရှောင်ရှားရန်၊
၆။ အစည်းအဝေးခန်းမတိုင်းသို့ ဝင်တိုင်းထွက်တိုင်း နိုင်ငံတော်အလံကို အလေးပြုပြီးမှ ဝင်ထွက်ရန်၊
၇။ အမျိုးသားညီလာခံသတင်းများကို တရားဝင်ထုတ်ပြန်ခြင်းမပြုမီ ညီလာခံကိုယ်စားလှယ်များက ထုတ်ဖော်ပြောဆိုခြင်းမပြုဘဲ လျှို့ဝှက်ထားရှိရန်

တို့ဖြစ်ကြောင်း။

ရွေးချယ်သတ်မှတ်

ညီလာခံအစည်းအဝေးများ ကျင်းပသည့်အခါ အစည်းအဝေးများကို ကြီးကြပ်ပေးရန် သဘာပတိအဖွဲ့လိုအပ်ကြောင်း၊ ထို့ကြောင့် ညီလာခံကို ကြီးကြပ်ပေးမည့် သဘာပတိအဖွဲ့များ ဖွဲ့စည်းနိုင်ရန် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီမှ ကိုယ်စားလှယ်ငါးဦး၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များနှင့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသည့် ကိုယ်စားလှယ်များမှ ၁၀ဦး၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင် အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များမှ ငါးဦးစီတို့ကို ရွေးချယ်ဖွဲ့စည်းရန်နှင့် ရွေးချယ်ရာတွင် သက်ဆိုင်ရာအစုအဖွဲ့ ကိုယ်စားလှယ်များက မိမိတို့ဘာသာရွေးချယ်ရန် သတ်မှတ်ထားကြောင်း။

အမျိုးသားညီလာခံတွင် ရွေးချယ်ဖွဲ့စည်းခဲ့သည့် သဘာပတိအဖွဲ့ဝင်များသည် အကြောင်းကြောင်းကြောင့် ယခုအခါတွင် လစ်လပ်မှုရှိနေကြောင်း၊ ထို့ကြောင့် လစ်လပ်နေသည့် သဘာပတိအဖွဲ့ဝင်နေရာများကို အစားထိုးရွေးချယ်တင်မြှောက်ရန် လိုအပ်မည်ဖြစ်ကြောင်း အသိပေးလိုကြောင်း။

အခန်း(၃)တွင် အစည်းအဝေးကျင်းပရာ၌ ကိုယ်စားလှယ်များအား စိစစ်ခြင်းနှင့် အစည်းအဝေးထမြောက်ခြင်းတို့နှင့်ပတ်သက်ပြီး ဖော်ပြထားကြောင်း၊ အမျိုးသားညီလာခံ အစည်းအဝေးများသည် ညီလာခံကိုယ်စားလှယ်အားလုံး၏ ၅၀ ရာခိုင်နှုန်း တက်ရောက်လျှင် အစည်းအဝေးအထမြောက်မည်ဖြစ်ကြောင်း။

ညီလာခံလုပ်ထုံးလုပ်နည်းစာစောင် အခန်း(၄)တွင် ဆွေးနွေးအကြံပြုကြရာ၌ လိုက်နာကြရမည့် လုပ်ထုံးလုပ်နည်းများကို ဖော်ပြထားကြောင်း၊ ပထမဦးစွာ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများကို အကျဉ်းချုပ်တင်ပြမည်ဖြစ်ကြောင်း။

၁။ ကိုယ်စားလှယ်များသည် မိမိတို့ ဆွေးနွေးအကြံပြုလိုသည့် အချက်များကို မိမိတို့ ကိုယ်စားလှယ်အစုအဖွဲ့အတွင်း ဆွေးနွေးပြီး သက်ဆိုင်ရာ သဘာပတိအဖွဲ့ထံ တင်ပြရမည်ဖြစ်ကြောင်း၊ သဘာပတိအဖွဲ့က တူညီသည့် အကြံပြုချက်များကို စုစည်းပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြရမည်၊
၂။ ညီလာခံကိုယ်စားလှယ်များအနေဖြင့် မိမိတို့အစုအဖွဲ့၏ အများသဘောတူညီသော အကြံပြုချက်စာတမ်းအပြင် မိမိတစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးသုံးဦးဖြစ်စေ အခြားတင်ပြလိုသော အကြံပြုချက်ရှိပါက အစုအဖွဲ့လိုက် ဆွေးနွေးပွဲတွင် ဆွေးနွေးပြီး သဘာပတိအဖွဲ့မှတစ်ဆင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြနိုင်သည်။
၃။ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များသည်လည်း မိမိတို့နိုင်ငံရေးပါတီအလိုက် ဆွေးနွေးအကြံပြုချက်များကိုလည်းကောင်း၊ အရွေးချယ်ခံ ကိုယ်စားလှယ်များအနေဖြင့်လည်း မိမိတို့နိုင်ငံရေး ပါတီအလိုက် ဆွေးနွေးအကြံပြုချက်များကိုလည်းကောင်း သက်ဆိုင်ရာ အစုအဖွဲ့လိုက်အတွင်း ဆွေးနွေးညှိနှိုင်းပြီး အများသဘောတူညီသည့် အကြံပြုချက်စာတမ်းကို သဘာပတိအဖွဲ့မှတစ်ဆင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြရမည်။
၄။ အထက်ပါ ပါတီအလိုက် အများသဘောတူညီသော အကြံပြုချက်စာတမ်းအပြင် နိုင်ငံရေးပါတီ ညီလာခံကိုယ်စားလှယ်များ၊ အရွေးချယ်ခံညီလာခံကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များအနေဖြင့် မိမိတို့ တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးသုံးဦးဖြစ်စေ သီးခြားတင်ပြလိုသော အကြံပြုချက်ရှိပါက မိမိတို့အစုအဖွဲ့ အစည်းအဝေးတွင် တင်ပြဆွေးနွေးပြီး သဘာပတိအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြနိုင်သည်။
၅။ အထက်ပါ နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်အစုအဖွဲ့များနှင့် တစ်သီးပုဂ္ဂလများ၏ အကြံပြုတင်ပြချက်များသည် သဘောထားကွဲလွဲချက်များရှိနေပါက ယင်းတို့ကို ကျေလည်စေရန် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက တတ်နိုင်သမျှ ညှိနှိုင်းပြီး လိုအပ်သလို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

လုပ်ထုံးလုပ်နည်း

ဆက်လက်ပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေး၏ လုပ်ထုံးလုပ်နည်းများကို ဆက်လက်တင်ပြမည်ဖြစ်ကြောင်း။

၁။ အမျိုးသားညီလာခံစုံညီအစည်းအဝေးကို တင်ပြမည့် အစုအဖွဲ့လိုက်က ပြုစုထားသည့် အကြံပြုစာတမ်းများသည် ဆွေးနွေးလိုသော အချက်များကို တိကျရှင်းလင်းစွာ ဖော်ပြကြရမည်ဖြစ်သည်။
၂။ ၎င်းအကြံပြုချက် စာတမ်းများကို ဖတ်ကြားတင်ပြမည့် ကိုယ်စားလှယ်တစ်ဦး သို့မဟုတ် နှစ်ဦးသုံးဦးတို့၏ အမည်နှင့်အတူ သတ်မှတ်ပေးထားသည့်အချိန်တွင် မိမိတို့အစုအဖွဲ့ သဘာပတိထံ တင်ပြရမည်ဖြစ်သည်။
၃။ ဆွေးနွေးမည့် ကိုယ်စားလှယ်အမည်များနှင့် ဆွေးနွေးမည့် စာတမ်းများပြည့်စုံစွာ ရရှိသည့်အခါ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက ညီလာခံစုံညီအစည်းအဝေးကို ကျင်းပပေးမည်ဖြစ်သည်။
၄။ ညီလာခံ စုံညီအစည်းအဝေးတွင် အကြံပြုချက်စာတမ်းများ ဖတ်ကြားတင်သွင်းရာတွင်လည်း ကြိုတင်ပေးပို့ အတည်ပြုထားသော စာတမ်းကိုသာ ဖတ်ကြားရမည်ဖြစ်ကြောင်း၊ ထို့အပြင် ကြိုတင်အမည်စာရင်းပေး တင်ပြထားသူက ဖတ်ကြားတင်ပြရမည်ဖြစ်ပြီး ဖတ်ကြားတင်ပြရာတွင်လည်း အတည်ပြုစာတမ်းပါ အကြံပြုချက်များကိုသာ တင်ပြရမည်ဖြစ်သည်။
၅။ အစုအဖွဲ့လိုက် ဆွေးနွေးပွဲတွင်လည်းကောင်း၊ ညီလာခံစုံညီအစည်းအဝေးတွင်လည်းကောင်း ဆွေးနွေးအကြံပြုမှုများသည် အမျိုးသားညီလာခံ၏ ဦးတည်ချက်(၆)ရပ်ဘောင်အတွင်းမှသာ ဆောင်ရွက်ကြရမည်ဖြစ်သည်။
၆။ ညီလာခံစုံညီအစည်းအဝေးသို့ တင်သွင်းကြသော စာတမ်းများပါ အကြံပြုတင်ပြချက်များအတွင်း သဘောထားကွဲလွဲချက်များရှိနေပါက ယင်းတို့ကို တတ်နိုင်သမျှ ကျေလည်စေရေးအတွက် ပြန်လည်အကြံပြု သဘောထားပေးနိုင်စေရန် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက လိုအပ်သလို စီစဉ်ပေးမည်ဖြစ်ကြောင်း။

စည်းကမ်းများသတ်မှတ်

အစုအဖွဲ့လိုက် အစည်းအဝေးများတွင်လည်းကောင်း၊ ညီလာခံစုံညီအစည်းအဝေးတွင်လည်းကောင်း ဆွေးနွေးပြောဆိုကြရာ၌ ညီလာခံကြီးအောင်မြင်ရေး၊ ညီလာခံကြီး၏ ဂုဏ်သိက္ခာနှင့်အညီ ဖြစ်စေရေးတို့အတွက် လိုက်နာသင့်သော စည်းကမ်းများသတ်မှတ်ထားရှိကြောင်း၊ ယင်းစည်းကမ်းများအနက် အရေးကြီးသောအချက်များမှာ–

စာမျက်နှာ ၁၃ ကော်လံ ၁

18-5 (10).p65 1 03/24/1905, 4:28 PM

အမျိုးသားညီလာခံအစုအဖွဲ့ အလိုက် လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင်များရွေးချယ်

ရန်ကုန် မေ ၁၇

အမျိုးသားညီလာခံ အစုအဖွဲ့အလိုက် လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်ပွဲ အစည်းအဝေးများကို ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားညီလာခံ အစည်းအဝေးကျင်းပရာ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်နေရာအသီးသီး၌ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဝင်များနှင့် အစုအဖွဲ့အလိုက် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် မူလသဘာပတိအဖွဲ့ဝင် ငါးဦးရှိသည့်အနက် လစ်လပ်လျက်ရှိသော သဘာပတိ အဖွဲ့ဝင်သုံးဦးအား ရွေးချယ်သည့် အစည်းအဝေးကို မွန်းလွဲ ၂နာရီတွင် ဆွေးနွေးပွဲခန်းမ(၁)၌ ကျင်းပသည်။

အစည်းအဝေးတွင် မူလသဘာပတိအဖွဲ့ဝင်များဖြစ်ကြသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရင်လောနှင့် 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးစောဖီးလစ်(ခ)ဦးစောဖီးလစ်ဆမ်းတို့က ယခုအစည်းအဝေး၏ သဘာပတိများအဖြစ်ဆောင်ရွက်ကြသည်။

အစည်းအဝေးအထမြောက်

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ကိုယ်စားလှယ်ပေါင်း ၂၈ဦးရှိသည့်အနက် ကိုယ်စားလှယ်၂၅ဦး တက်ရောက်ကြသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့ သဘာပတိ ဦးထွန်းရင်လောက အဖွင့်အမှာစကားပြောကြားသည်။

သဘောတူဆုံးဖြတ်

ဆက်လက်၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့က မူလသဘာပတိအဖွဲ့ဝင် ငါးဦးအနက် ယခုအခါ သဘာပတိအဖွဲ့ဝင်နှစ်ဦးသာ ရှိရာ ထိုသဘာပတိ ဦးထွန်းရင်လောနှင့် ဦးစောဖီးလစ်(ခ) ဦးစောဖီးလစ်ဆမ်းတို့ဖြင့်သာ ဆက်လက်ဆောင်ရွက်သွားကြမည် ဖြစ်ပြီး လစ်လပ် သဘာပတိနေရာများကို ထပ်မံရွေးချယ်တော့မည် မဟုတ်ကြောင်း ကိုယ်စားလှယ်အများစုက သဘောတူဆုံးဖြတ်ကြကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့တွင် သဘာပတိအဖွဲ့ဝင် ငါးဦးရှိသည့်အနက် လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင် တစ်ဦးနေရာအတွက် ရွေးချယ်သည့် အစည်းအဝေးကို မွန်းလွဲ၂နာရီတွင် ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင်များဖြစ်ကြသော ဦးမောင်အောင်နှင့် ဦးနေဝင်းတို့က ယခုအစည်းအဝေး၏ သဘာပတိများအဖြစ်ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ကိုယ်စားလှယ်ပေါင်း ၁၅ဦးရှိသည့်အနက် ၁၂ဦးတို့ တက်ရောက်ကြသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းကြေညာသည်။

လုပ်ထုံးလုပ်နည်းရှင်းလင်း

ထို့နောက် ယခုအစည်းအဝေး သဘာပတိ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဝင် ဦးမောင်အောင်က ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့တွင် လစ်လပ်လျက်ရှိသည့် သဘာပတိ အဖွဲ့ဝင်တစ်ဦးအား ပြန်လည်ရွေးချယ်နိုင်ရန်အတွက် အမျိုးသားညီလာခံ ကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားသည်။

အဆိုတင်သွင်း

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ညီလာခံကိုယ်စားလှယ်များက လစ်လပ်လျက်ရှိသည့် သဘာပတိအဖွဲ့ဝင်တစ်ဦးအား အဆိုတင်သွင်းထောက်ခံကြသည်။

ထို့နောက် သဘာပတိက အစည်းအဝေးသို့ တက်ရောက်လာကြသော ညီလာခံကိုယ်စားလှယ်များ၏ ဆန္ဒနှင့်အညီ လစ်လပ်လျက်ရှိသောသဘာပတိအဖွဲ့ဝင် တစ်နေရာအတွက် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးလောဆင်ကွမ်းအား ရွေးချယ်ကြပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့တွင် သဘာပတိအဖွဲ့ဝင် ငါးဦးရှိသည့်အနက် လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင်သုံးဦးနေရာအတွက် ရွေးချယ်သည့် အစည်းအဝေးကို ယနေ့မွန်းလွဲ၂နာရီတွင် အမျိုးသားညီလာခံစုံညီအစည်းအဝေး ကျင်းပနေသည့် ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မူလသဘာပတိအဖွဲ့ဝင်များဖြစ်ကြသော မန္တလေး

စာမျက်နှာ ၁၂ ကော်လံ ၁

သဘာပတိအဖွဲ့ဝင်ရွေးချယ်

အမျိုးသားညီလာခံစုံညီ အစည်းအဝေးတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့က လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင်များ ရွေးချယ်သည့်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံစုံညီ အစည်းအဝေးတွင် ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင်များ ရွေးချယ်သည့်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံစုံညီ အစည်းအဝေးတွင် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့က လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင်များ ရွေးချယ်သည့်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံစုံညီ အစည်းအဝေးတွင် တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့က လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင်များ ရွေးချယ်သည့်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

18-5 (11).p65 1 03/24/1905, 4:28 PM

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင်များ ရွေးချယ်သည့် အစည်းအဝေးကျင်းပစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင်များ ရွေးချယ်သည့် အစည်းအဝေးကျင်းပစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့က လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင်များ ရွေးချယ်သည့် အစည်းအဝေးကျင်းပစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံစုံညီ အစည်းအဝေးတွင် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင်များ ရွေးချယ်သည့် အစည်းအဝေးကျင်းပစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၁၁ မှ

တိုင်းမှ ညီလာခံကိုယ်စားလှယ်ဦးမြစိန်နှင့် ကရင်ပြည်နယ်မှ ညီလာခံကိုယ်စားလှယ် ဦးမန်းအုံးမောင်တို့က ယခုအစည်းအဝေး၏ သဘာပတိများအဖြစ် ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ကိုယ်စားလှယ်ပေါင်း ၆၃၃ဦးရှိသည့် အနက်ကိုယ်စားလှယ် ၆၂၇ဦးတို့တက်ရောက်ကြသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်း ကြေညာသည်။

ထို့နောက် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့ သဘာပတိ အဖွဲ့ဝင် မန္တလေးတိုင်းမှ ညီလာခံကိုယ်စားလှယ်ဦးမြစိန်က တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့တွင် လစ်လပ်လျက်ရှိသည့် သဘာပတိအဖွဲ့ဝင် သုံးဦးတို့အား ပြန်လည် ရွေးချယ်နိုင်ရန်အတွက် အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံး လုပ်နည်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ညီလာခံကိုယ်စားလှယ်များက လစ်လပ်လျက်ရှိသည့် သဘာပတိအဖွဲ့ဝင် နေရာများအတွက် သဘာပတိအဖွဲ့ဝင် ခုနစ်ဦးတို့အား အဆိုတင်သွင်း ထောက်ခံကြသည်။

ထို့နောက် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့ သဘာပတိအဖွဲ့ဝင် ဦးမြစိန်က အစည်းအဝေးသို့ တက်ရောက်လာကြသည့် ညီလာခံ ကိုယ်စားလှယ်များ၏ ဆန္ဒနှင့်အညီ လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင် သုံးနေရာအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုး မြို့နယ်မှ ညီလာခံကိုယ်စားလှယ် ဒူးဝါးဇုတ်ဒေါင်၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်မှ ညီလာခံကိုယ်စားလှယ် ဦးကျော်ဒင်(ခ) ဦးထေးရယ်နှင့် တနင်္သာရီတိုင်း ပုလောမြို့နယ်မှ ညီလာခံကိုယ်စားလှယ် ဦးမောင်လှ(ခ) ဦးလှမြင့်တို့အား ရွေးချယ်ပေးပြီး အတည်ပြုကြေညာကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့

တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့တွင် သဘာပတိအဖွဲ့ဝင် ငါးဦးရှိသည့်အနက် လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင် တစ်ဦးနေရာအတွက် ရွေးချယ်သည့် အစည်းအဝေးကို မွန်းလွဲ ၂ နာရီတွင် ဆွေးနွေးပွဲခန်းမ(၄)၌ ကျင်းပသည်။

အစည်းအဝေးတွင် မူလသဘာပတိ အဖွဲ့ဝင်များဖြစ်ကြသော ဧရာဝတီတိုင်း မြောင်းမြမြို့နယ်မှ ဦးသိန်းလွင်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့နယ်မှ ဦးစိုင်းတင့်အောင်၊ မကွေးတိုင်း ရေစကြိုမြို့နယ်မှ ဦးတင်မောင်ကျော်တို့က ယခုအစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ကိုယ်စားလှယ်ပေါင်း ၉၃ ဦး ရှိသည့်အနက် ရာနှုန်းပြည့် တက်ရောက်ကြသဖြင့် အစည်းအဝေး အထမြောက်ကြောင်း ကြေညာသည်။

ထို့နောက် တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့ သဘာပတိအဖွဲ့ဝင် ဧရာဝတီတိုင်း မြောင်းမြမြို့နယ်မှ ဦးသိန်းလွင်က တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့တွင် လစ်လပ်လျက်ရှိသည့် သဘာပတိအဖွဲ့ဝင် တစ်ဦးကို ပြန်လည်ရွေးချယ်နိုင်ရန်အတွက် အမျိုးသားညီလာခံ ကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ညီလာခံ ကိုယ်စားလှယ်များက လစ်လပ်လျက်ရှိသည့် သဘာပတိအဖွဲ့ဝင်တစ်နေရာ အတွက် အဆိုတင်သွင်းထောက်ခံကြသည်။

ထို့နောက် တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့ သဘာပတိအဖွဲ့ဝင် ဦးသိန်းလွင်က အစည်းအဝေးသို့ တက်ရောက်လာကြသည့် ညီလာခံကိုယ်စားလှယ်များ၏ ဆန္ဒနှင့်အညီ လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင် တစ်နေရာအတွက် ရန်ကုန်တိုင်း ခရမ်းမြို့နယ်မှ ဦးမြအေးအား ရွေးချယ်ပေးကြပြီး အတည်ပြုကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့

အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့တွင် လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင် ငါးဦးနေရာအတွက် ရွေးချယ်သည့်အစည်းအဝေးကို မွန်းလွဲ ၂ နာရီတွင် ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိများအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဝင်များ ဖြစ်ကြသော ဗိုလ်မှူးချုပ်သန်းထွန်းနှင့် ဦးကျော်ဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ကိုယ်စားလှယ်ပေါင်း ၄၈ဦးရှိသည့် အနက် ရာနှုန်းပြည့်တက်ရောက်ကြသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းကြေညာသည်။

ထို့နောက် သဘာပတိအမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဝင် ဗိုလ်မှူးချုပ်သန်းထွန်းက အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့တွင် လစ်လပ်လျက်ရှိသည့်သဘာပတိအဖွဲ့ဝင် ငါးဦးတို့အား ပြန်လည်ရွေးချယ်နိုင်ရန်အတွက် အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ညီလာခံ ကိုယ်စားလှယ်များက လစ်လပ်လျက်ရှိသည့် သဘာပတိအဖွဲ့ဝင်နေရာများ အတွက် သဘာပတိအဖွဲ့ဝင်ငါးဦးတို့အား အဆိုတင်သွင်း ထောက်ခံကြသည်။

စာမျက်နှာ ၁၃ ကော်လံ ၃

18-5 (12).p65 1 03/24/1905, 4:28 PM

စာမျက်နှာ ၁၀ မှ

၁။ နိုင်ငံတော်၏ကျေးဇူးသစ္စာကို ဖောက်ဖျက်သောစကားများ မပြောဆိုရန်၊

၂။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်ပျက်ပြားစေမည့်စကားများ မပြောဆိုရန်၊

၃။ ဥပဒေဘောင်အတွင်း ရပ်တည်ခြင်းမရှိသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၏အကျိုးစီးပွားအတွက် ပြောဆိုခြင်းမပြုရန်၊

၄။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချင်းချင်း ရိုင်းပင်းကူညီရေး၊ ချစ်ကြည်လေးစားရေးတို့ကို ထိခိုက်ပျက်ပြားစေမည့် စကားများ မပြောဆိုရန်၊

၅။ မည်သည့် ဘာသာ သာသနာကိုမျှ ပုတ်ခတ်ပြောဆိုခြင်းမပြုရန်၊

၆။ ညီလာခံတွင် ဆွေးနွေးဆဲ ကိစ္စတစ်ခုနှင့် တိုက်ရိုက်မသက်ဆိုင်သောစကားများ မပြောဆိုရန်၊

၇။ ညီလာခံကိုယ်စားလှယ်တစ်ဦးဦးအား ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် စွပ်စွဲပုတ်ခတ်ပြောဆိုခြင်း မပြုရန်၊

၈။ မိမိကိုယ်မိမိ ကိုယ်ရည်သွေးပြီး အခြားအဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များကို သိက္ခာချခြင်းအားဖြင့် ညီလာခံ အစည်းအဝေး၏ ဆွေးနွေးခွင့်ကို အလွဲသုံးစား မပြုလုပ်ရန်၊

၉။ ညီလာခံကိုယ်စားလှယ်တစ်ဦးသည် မိမိကြိုတင်ပေးပို့ထားသော ဆွေးနွေးချက် စာတမ်းအတိုင်းသာ ဖတ်ကြားဆွေးနွေးကြရန်၊ ဆွေးနွေးချက်စာတမ်း၌ မပါရှိသည့် အကြောင်းအရာများကို မပြောဆိုရန်နှင့် ဆွေးနွေးတင်ပြသည့်အခါတွင် ကိုယ်စားလှယ်အစုအဖွဲ့၏ ဆွေးနွေးချက်စာတမ်း၌မပါသော အချက်အချို့ကို ဖတ်ကြားတင်ပြခဲ့မှုရှိလျှင်လည်း မူလတင်ပြသော စာတမ်းအတိုင်းသာ မှတ်တမ်းတင်ထားရန် သတ်မှတ်ထားကြောင်း၊

၁၀။ ထို့အပြင် ညီလာခံ စုံညီအစည်းအဝေး သို့မဟုတ် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့အစည်းအဝေးများ ပြုလုပ်နေသည့်အခါ အစုအဖွဲ့အလိုက်ဖြစ်ဖြစ်၊ တစ်ဦးချင်းပင်ဖြစ်ဖြစ်၊ ဆန္ဒပြထွက်ခွာခြင်းမပြုရန်၊ အော်ဟစ်လှောင်ပြောင်ခြင်းမပြုရန် သတ်မှတ်ထားကြောင်း၊ ညီလာခံအောင်မြင်ရေးနှင့် ညီလာခံ၏ ဂုဏ်သိက္ခာနှင့်အညီ ဖြစ်စေရေးအတွက် ဤစည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် အရေးကြီးကြောင်းကို ပြောကြားလိုကြောင်း။

တားမြစ်ချက်

အခန်း(၅)တွင်လည်း အမျိုးသားညီလာခံကြီး အောင်အောင်မြင်မြင်ကျင်းပပြီးစီးနိုင်ရေးအတွက် တားမြစ်ချက်အချို့ကို သတ်မှတ်ထားသည်ကို တွေ့ရကြောင်း၊ ယခုကဲ့သို့ တားမြစ်ချက်များ ချမှတ်ထားရခြင်းသည်လည်း ချုပ်ချယ်လို၍မဟုတ်ဘဲ တိုင်းရင်းသားအားလုံး အကျိုးအတွက်၊ ညီလာခံကိုယ်စားလှယ်တော်ကြီးများ အကျိုးအတွက် မူဘောင်အတွင်းက လွတ်လပ်စွာ ညှိနှိုင်းဆွေးနွေး ဆုံးဖြတ်ကြပြီး ညီလာခံအောင်အောင်မြင်မြင် ပြီးမြောက်နိုင်ရေးအတွက် သတ်မှတ်ထားရခြင်းဖြစ်ကြောင်း၊ ယင်းတားမြစ်ချက်များထဲက အရေးကြီးသော အချက်များကို ထုတ်နုတ်တင်ပြရပါက–

၁။ ညီလာခံကိုယ်စားလှယ်များအနေဖြင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက ခွင့်ပြုထားခြင်းမရှိသော စာရွက်စာတမ်းများ ဖြန့်ဝေခြင်းမပြုရန်၊

၂။ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက လျှို့ဝှက်ထိန်းသိမ်းထားရန် သတ်မှတ်ထားသော စာရွက်စာတမ်းများကို ပြင်ပသို့ ပြောဆိုခြင်း၊ ပေါက်ကြားခြင်း၊ ပုံနှိပ်ထုတ်ဝေဖြန့်ချိခြင်း မပြုရန်၊

၃။ ညီလာခံကိုယ်စားလှယ်များအနေဖြင့် ညီလာခံတက်ရောက်နေစဉ်ကာလတွင် အိပ်ဆောင်၊ အစည်းအဝေးခန်းမအပါအဝင် ညီလာခံကျင်းပရာ ညောင်နှစ်ပင်ဝင်းအတွင်း လက်နက်ခဲယမ်းများ ယူဆောင်လာခြင်း၊ ကိုင်တွယ်ခြင်း မပြုရန်တို့ဖြစ်ကြောင်း။

ယခုမိမိတင်ပြခဲ့သည့် အချက်များသည် အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းစာစောင်ပါ အရေးကြီးသောအချက်များဖြစ်ကြောင်း၊ ဤလုပ်ထုံးလုပ်နည်း၊ တာဝန်နှင့် ရပိုင်ခွင့်၊ စည်းကမ်း၊ တားမြစ်ချက်များသည် ကိုယ်စားလှယ်တော်ကြီးများကို တမင်ကန့်သတ်ချုပ်ချယ်ထားခြင်းမဟုတ်ဘဲ တိုင်းရင်းသားအားလုံးအကျိုးအတွက် ညီလာခံကြီး အောင်အောင်မြင်မြင်ကျင်းပနိုင်အောင်၊ ရင်းရင်းနှီးနှီး ညှိနှိုင်းဆွေးနွေး အဖြေရှာနိုင်အောင် မူဘောင်ချမှတ်ပေးသော သဘောပင်ဖြစ်ကြောင်း။

မိမိအနေဖြင့် ဆက်လက်ပြီး ကိုယ်စားလှယ်တော်ကြီးများ ညီလာခံကြီးကို စိတ်ချမ်းမြေ့ပျော်ရွှင်စွာ တက်ရောက်နိုင်အောင် အုပ်ချုပ်မှုဆိုင်ရာ ဖြည့်ဆည်းဆောင်ရွက်ပေးထားမှုများကို ဆက်လက်တင်ပြလိုကြောင်း။

အပြည့်အစုံစီစဉ်ပေးထား

ကိုယ်စားလှယ်တော်ကြီးများ သက်သောင့်သက်သာနေထိုင်နိုင်အောင်၊ လေကောင်းလေသန့်ရအောင်၊ ရေ၊ မီးအဆင်ပြေအောင်၊ အပေါ့အလေးအတွက် ဝေးဝေးမသွားရဘဲ အဆင်ပြေအောင်၊ အိပ်ဆောင်အသစ်များ ဆောက်လုပ်ပြီး တည်းခိုနိုင်အောင် ဆောင်ရွက်ပေးထားကြောင်း၊ စားသောက်ရေးအဆင်ပြေအောင်လည်း သီးသန့်မီးဖိုဆောင်၊ စားသောက်ခန်းများ စီမံပေးထားသည့်အပြင် နေ့စဉ် ဟင်းလျာဇယားဆွဲပြီး ချက်ပြုတ်ကျွေးမွေးလျက်ရှိကြောင်း၊ ဘာသာရေးနှင့်အညီ စားသောက်နိုင်အောင်လည်းကောင်း၊ သက်သတ်လွတ်စားလိုသူစားနိုင်အောင်လည်းကောင်း စီစဉ်ပေးထားကြောင်း၊ အပန်းဖြေရေး၊ ကျန်းမာရေးအဆင်ပြေအောင်လည်း ရုပ်မြင်သံကြား၊ ကာရာအိုကေ၊ သတင်းစာ၊ ရုပ်ရှင်၊ စင်တင်တေးဂီတ၊ ဘိလိယက်ခုံ၊ အားကစားခန်းမ၊ ဂေါက်သီးလေ့ကျင့်ကွင်းစသည်ဖြင့် အပြည့်အစုံ စီစဉ်ပေးထားသည်ကို ကိုယ်စားလှယ်တော်ကြီးများ မျက်မြင်ပင်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့် ပတ်သက်၍လည်း စခန်းဝင်းအတွင်းမှာပင် ဆေးရုံတစ်ခုဖွင့်လှစ်ထားပြီး အထူးကုသမားတော်ကြီးများ ဆေးဝါးကိရိယာ အစုံအလင်ဖြင့် စီစဉ်ထားပေးကြောင်း၊ သက်သာ ချောင်ချိရေး၊ ဆက်သွယ်ရေး၊ သွားလာရေးတို့နှင့် ပတ်သက်၍လည်း ကုန်စုံဆိုင်များ၊ ဆံပင်ညှပ်ဆိုင်၊ အလှပြင်ဆိုင်၊ စားသောက်ဆိုင်များ၊ မျက်မှန်ဆိုင်များ၊ ပို့ကြိုယာဉ်များ၊ တယ်လီဖုန်း၊ ဖက်စ် စသည်များ အပြည့်အဝ စီစဉ်ပေးထားသည်ကို ကိုယ်စားလှယ်တော်ကြီးများ မျက်မြင်ပင်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ စီစဉ်ဆောင်ရွက်ထားခြင်းသည် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အပါအဝင် အကြီးအကဲများ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကိုယ်တိုင်ဦးစီးပြီး ဝန်ကြီး အသီးသီးပါဝင်သော ကော်မတီများဖွဲ့ကာ အချိန်တိုအတွင်း စီမံဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ကိုယ်စားလှယ်တော်ကြီးများအပေါ်ထားရှိသော နိုင်ငံတော်နှင့် နိုင်ငံတော်အကြီးအကဲများ၏ စေတနာကို နားလည်သဘောပေါက်နိုင်လိမ့်မည်ဟူ၍ ယုံကြည်ကြောင်း။

ကိုယ်စားလှယ်တော်ကြီးများခင်ဗျား–

နိုင်ငံတော်အကြီးအကဲနှင့် လူကြီးများက ကိုယ်စားလှယ်တော်ကြီးများ၏ ကျန်းမာရေးကို အထူးဂရုစိုက် ဆောင်ရွက်ပေးရန် မှာကြားချက်နှင့်အညီ ထမင်း၊ ဟင်းများ ချက်ပြုတ် ကျွေးမွေးရာတွင် ဖွဲ့စည်းထားသည့် ဆရာဝန်ကြီးများပါသည့် ကျန်းမာရေးအဖွဲ့က နေ့စဉ် စစ်ဆေးကြပ်မတ်ပေးလျက်ရှိကြောင်း၊ လောလောဆယ် မိုးရာသီဖြစ်၍ အထူးသဖြင့် ဝမ်းနူးစာ အစားအသောက်များကို ချက်ပြုတ်ကျွေးမွေးခြင်းမပြုကြောင်း၊ ကိုယ်စားလှယ်တော်ကြီးများအနေနှင့်ရေပြောင်း၊ မြေပြောင်း၊ ရာသီပြောင်းဖြစ်၍ မိမိတို့တစ်ဦးချင်း၏ ကျန်းမာရေးကို အထူးဂရုစိုက်ရန် မှာကြားလိုကြောင်း၊ ပူအိုက်၍ စွပ်ကျယ်နှင့်မနေဘဲ သင့်တော်သည့် အင်္ကျီဝတ်ဆင်နေရန်၊ ရေချိုးဆင်ခြင်ရန်၊ ဝမ်းနူးစာတွေ မစားရန်၊ နှာစေး၊ ချောင်းဆိုးဖြစ်ရင်တောင် အမှတ်တမဲ့မနေဘဲ ဆေးရုံသွားပြရန် မှာကြားလိုကြောင်း၊ လုံခြုံရေးနှင့်စပ်လျဉ်းပြီး ကိုယ်စားလှယ်များသိရှိအောင် ရှင်းလင်းပြောကြားမည်ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

ဒီလုံခြုံရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များသည် ညီလာခံကြီးအတွက်၊ ကိုယ်စားလှယ်တော်ကြီးများအားလုံးအတွက် အမှန်တကယ်လိုအပ်ချက်များအရ ဆောင်ရွက်ထားရခြင်းဖြစ်သည့်အတွက် စည်းကမ်းများကတင်းကျပ်လွန်းသည်၊ မလွတ်လပ်ဘူးစသည်ဖြင့် သဘောမထားဘဲ ညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် မိမိတို့အားလုံး၏ လုံခြုံရေးအတွက် ဆောင်ရွက်ထားရခြင်းပါလားဆိုသည့် အသိဖြင့် ကိုယ်စားလှယ်တော်ကြီးများ အားလုံးက နားလည်သဘောပေါက် ပူးပေါင်းဆောင်ရွက်ပါလို့ မေတ္တာရပ်ခံအပ်ပါကြောင်း။

ကိုယ်စားလှယ်တော်ကြီးများအနေဖြင့်လည်း ညီလာခံကာလအတွင်းတွင် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစွာဖြင့် တိုင်းပြည်နှင့်လူမျိုး အကျိုးအတွက် ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေကြီး ရေးဆွဲရာ၌ အသေးစိတ်အခြေခံရမည့်မူများရရှိအောင် အကြံကောင်းဉာဏ်ကောင်းများစွာဖြင့် အစွမ်းကုန် ညှိနှိုင်းကြိုးပမ်းဆောင်ရွက်ပေးကြပါဟု ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။ ။ **(သတင်းစဉ်)**

အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ကြသည့် ညီလာခံကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၁၂ မှ

ထို့နောက် သဘာပတိ ဗိုလ်မှူးချုပ် သန်းထွန်းက အစည်းအဝေးသို့ တက်ရောက်လာကြသည့် ညီလာခံကိုယ်စားလှယ်များ၏ ဆန္ဒနှင့်အညီ လစ်လပ်လျက်ရှိသော သဘာပတိ အဖွဲ့ဝင်ငါးနေရာအတွက် ရန်ကုန်တိုင်းမှ ဒေါက်တာမျိုးသန့်တင်၊ ပဲခူးတိုင်းမှ ဦးကျော်မျိုးဝင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ ဦးဘိုသိန်း၊ စစ်ကိုင်းတိုင်းမှ ဦးခင်မောင်အေး၊ မန္တလေးတိုင်းမှ ဦးကျော်ဝင်းထွန်းတို့အား ရွေးချယ်ပေးပြီး အတည်ပြုကြေညာကာ အစည်းအဝေးကို ညနေပိုင်းတွင် ရပ်သိမ်းလိုက်သည်။

အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့

အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့တွင် သဘာပတိအဖွဲ့ဝင် ငါးဦးရှိသည့်အနက် လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင် သုံးနေရာအတွက် ရွေးချယ်သည့် အစည်းအဝေးကို မွန်းလွဲ ၂နာရီတွင် ဆွေးနွေးပွဲ ခန်းမ(၆)၌ ကျင်းပသည်။

အစည်းအဝေးတွင် မူလ သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဦးလှမြင့်နှင့် ရုပ်ရှင်ဒါရိုက်တာဦးခင်ဇော်တို့က ယခုအစည်းအဝေး၏ သဘာပတိများအဖြစ် ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ကိုယ်စားလှယ်ပေါင်း ၅၆ ဦးအနက် ၅၅ဦးတို့တက်ရောက်ကြသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်း ကြေညာသည်။

ထို့နောက် အသိပညာရှင် အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့ သဘာပတိအဖွဲ့ဝင် ဦးလှမြင့်က လစ်လပ်လျက်ရှိသည့် သဘာပတိအဖွဲ့ဝင်သုံးဦးတို့အား ပြန်လည် ရွေးချယ်နိုင်ရန်အတွက် အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံး လုပ်နည်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက သဘာပတိအဖွဲ့ဝင်နေရာများအတွက် သဘာပတိအဖွဲ့ဝင် သုံးဦးတို့အား အဆိုတင်သွင်းထောက်ခံကြသည်။

ထို့နောက် အသိပညာရှင် အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့ သဘာပတိအဖွဲ့ဝင် ဦးလှမြင့်က အစည်းအဝေးသို့ တက်ရောက်လာကြသည့် ညီလာခံကိုယ်စားလှယ်များ၏ ဆန္ဒနှင့်အညီ လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင် သုံးနေရာအတွက် ဒေါက်တာသိန်းညွန့် (ညွန့်ဝေ–ကသာ)၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်နှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ဒေါက်တာဦးသိန်းဦးဖိုးစောတို့အား ရွေးချယ်ပေးပြီး အတည်ပြုကြေညာကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့တွင် သဘာပတိအဖွဲ့ဝင် ငါးဦးရှိသည့်အနက် လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင် လေးဦးနေရာအတွက် ရွေးချယ်သည့် အစည်းအဝေးကို မွန်းလွဲ၂နာရီတွင် ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပသည်။

အစည်းအဝေးတွင် မူလ သဘာပတိအဖွဲ့ဝင်ဖြစ်သော ဦးအုံ့မောင် (အကြံပေးပုဂ္ဂိုလ်)က ယခု အစည်းအဝေး၏ သဘာပတိအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ကိုယ်စားလှယ်ပေါင်း ၁၀၉ဦးရှိသည့်အနက် ကိုယ်စားလှယ်အားလုံး တက်ရောက်ကြသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်း ကြေညာသည်။

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့ သဘာပတိအဖွဲ့ဝင် ဦးအုံ့မောင် (အကြံပေးပုဂ္ဂိုလ်)က နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့တွင် လစ်လပ်လျက်ရှိသည့် သဘာပတိအဖွဲ့ဝင် လေးဦးတို့အား ပြန်လည် ရွေးချယ်နိုင်ရန်အတွက် အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ညီလာခံကိုယ်စားလှယ်များက သဘာပတိအဖွဲ့ဝင် နေရာများအတွက် သဘာပတိအဖွဲ့ဝင် လေးဦးတို့အား အဆိုတင်သွင်း ထောက်ခံကြသည်။

ထို့နောက် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့ သဘာပတိအဖွဲ့ဝင် ဦးအုံ့မောင်က အစည်းအဝေးသို့ တက်ရောက်လာကြသည့် ညီလာခံကိုယ်စားလှယ်များ၏ ဆန္ဒနှင့်အညီ လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင်လေးနေရာအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးကိုကိုကျော်နှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးမြတ်ကို တို့အား ရွေးချယ်ပေးပြီး အတည်ပြုကြေညာကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အခြားဖိတ်ကြားသင့်သည့် ကိုယ်စားလှယ်များအစုအဖွဲ့

အခြားဖိတ်ကြားသင့်သည့် ကိုယ်စားလှယ်များ အစုအဖွဲ့တွင် သဘာပတိအဖွဲ့ဝင် ငါးဦးရှိသည့်အနက် လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင် လေးဦးနေရာအတွက် ရွေးချယ်သည့် အစည်းအဝေးကို မွန်းလွဲ ၂နာရီတွင် ဆွေးနွေးပွဲ ခန်းမ(၈)၌ ကျင်းပသည်။

အစည်းအဝေးတွင် မူလ သဘာပတိအဖွဲ့ဝင်ဖြစ်သည့် ဦးစိုင်းအောင်ထွန်းက ယခု အစည်းအဝေး၏ သဘာပတိအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ကိုယ်စားလှယ်ပေါင်း ၁၀၅ ဦးရှိသည့်အနက် ၁၀၄ ဦးတို့ တက်ရောက်ကြသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်း ကြေညာသည်။

ထို့နောက် အခြားဖိတ်ကြားသင့်သည့် ကိုယ်စားလှယ်များအစုအဖွဲ့ သဘာပတိအဖွဲ့ဝင် ဦးစိုင်းအောင်ထွန်းက လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင်လေးဦးတို့အား ပြန်လည် ရွေးချယ်နိုင်ရန်အတွက် အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက လစ်လပ်လျက်ရှိသည့် သဘာပတိအဖွဲ့ဝင်နေရာများအတွက် သဘာပတိအဖွဲ့ဝင် လေးဦးတို့အား အဆိုတင်သွင်းထောက်ခံကြသည်။

ထို့နောက် အခြားဖိတ်ကြားသင့်သည့် ကိုယ်စားလှယ်များအစုအဖွဲ့ လက်ရှိ သဘာပတိအဖွဲ့ဝင် ဦးစိုင်းအောင်ထွန်းက အစည်းအဝေးသို့ တက်ရောက်လာကြသည့် ညီလာခံကိုယ်စားလှယ်များ၏ ဆန္ဒနှင့်အညီ လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင် လေးနေရာအတွက် ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)မှ ဦးအောင်ခမ်းထီ၊ ကချင်ပြည်နယ် အထူးဒေသ(၂)မှ ဒေါက်တာ မနန်းတူးဂျာ၊ ဦးထွန်းအောင်ချိန်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၂)မှ ဦးပေါ်လိုက်ခမ်းတို့အား ရွေးချယ်ပေးပြီး အတည်ပြုကြေညာကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မေ ၁၅ ရက်က မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ မုံရွာခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲတွင် အမှာစကား ပြောကြားစဉ်။ (ပို့ဆောင်ရေး)

မြန်မာနယူးစ်ဂေဇက်ဂျာနယ် အတွဲ(၁)၊ အမှတ်(၁) ယနေ့ထွက်ရှိ

ရန်ကုန် မေ ၁၇

အယ်ဒီတာချုပ် ကိုကို (စက်မှုတက္ကသိုလ်)တည်းဖြတ်ထုတ်ဝေသည့် မြန်မာနယူးစ်ဂေဇက်ဂျာနယ်အသစ် အတွဲ(၁)၊အမှတ်(၁)ထွက်ရှိလာသည်။ **(အောက်ပုံ)**

အိန္ဒိယ–အာဆီယံ ပြိုင်ကားမောင်းပြိုင်ပွဲ မြန်မာပြိုင်ကားမောင်းသမားများ ပါဝင်ယှဉ်ပြိုင်ဖွယ်ရှိ၊ ပုဂ္ဂလိကအထူးကုဆေးရုံသစ် သဃ်န်းကျွန်းတွင် ဆောက်လုပ်၊ တာရာဇိ ကျောက်ပန်းအိုး ရန်ကုန်တွင် ပထမဆုံးစမ်းသပ်ပြုလုပ်၊ ဒူဘိုင်း၏ ကမ္ဘာ့ကျွန်းများ ဝယ်ယူလိုသူ အလွန်များ၊ စူပါဂျမ်ဘို အေ–၃၈၀ လေယာဉ်ကြီးများ တည်ဆောက်ရေးစက်ရုံဖွင့်လှစ် စသည့် ပြည်တွင်းပြည်ပ သတင်းများအပြင် စီးပွားရေးဆောင်းပါးများ မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ထည့်သွင်းဖော်ပြထားကာ e-Empire Media House ဖုန်း–၇၀၃၈၁၃ က တစ်ပြည်လုံးသို့ ဖြန့်ချိကြောင်း သိရသည်။ (က–ပ)

လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ ကျောင်းများသို့ အလှူငွေပေးအပ်

ရန်ကုန် မေ ၁၇

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ ကျောင်းများသို့ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန (ရုံးချုပ်)အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ အလှူရှင် ဒေါက်တာဒေါ်ခင်သက်မော် ကိုယ်စား ဦးစိန်ရမိသားစုနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗြိတိန်နိုင်ငံ လန်ဒန်မြို့နေ အလှူရှင် ဒေါက်တာဒေါ်ခင်သက်မော် ကိုယ်စားဦးစိန်ရက ငွေလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အလှူရှင်ကိုယ်စား ဦးစိန်ရနှင့်ဇနီးတို့က လူမှုဝန်ထမ်းဦးစီးဌာန စစ်ကိုင်း မျက်မမြင်ကျောင်းအတွက် အလှူငွေ ကျပ်သိန်း ၂၀ ကို ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားအား ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ဆက်လက်၍ မေရီချက်ပ်မင်းနားမကြားသော ကလေးများကျောင်းအတွက် အလှူငွေကျပ်သိန်း ၂၀ ကို ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်မေဆင့်အား လည်းကောင်း၊ ကျွန်းတောမူလတန်းကြိုကျောင်းအတွက်အလှူငွေကျပ်ငါးသိန်းကို ကျောင်းအုပ် ဒေါ်သီရိခါအားလည်းကောင်း ပေးအပ်လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက်ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက ကျေးဇူးတင်စကားပြောကြားသည်။ **(သတင်းစဉ်)**

နိဗ္ဗာန်ရောက်ကြောင်းတရားဟောကြားမည်

ရန်ကုန် မေ ၁၇

ကျေးဇူးရှင် ရွှေဥမင်ဆရာတော်ကြီး စံလွန်တော်မူသည့် တစ်နှစ်ခြောက်လပြည့် ရည်မှန်းပူဇော်ပွဲအဖြစ် မေ ၂၀ ရက် (ကြာသပတေးနေ့) နံနက် ၈နာရီခွဲတွင် မင်္ဂလာဒုံမြို့နယ် ပတ္တမြားမြို့သစ် ရွှေဥမင်ဓမ္မသုခတောရ၌ တရားပွဲကျင်းပမည်ဖြစ်ရာ မုဒုံမြို့ ကျောက်တစ်လုံးတောရ ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသက နိဗ္ဗာန်ရောက်ကြောင်းတရားတော်ဟောကြားတော်မူမည်ဟု သိရသည်။ (က–ပ)

ဟာသဂျာနယ် အတွဲ(၂)၊အမှတ်(၄၁)ဖြန့်ချိ

ရန်ကုန် မေ ၁၇

ချစ်ဆွေ၏ ကာတွန်းမျက်နှာဖုံးနှင့် ကာတွန်းမောင်ဝဏ္ဏ၏ သမိန်ပေါသွပ် ကာတွန်းဇာတ်လမ်း အပါအဝင် ဆရာသာဂဒိုး၊ ဆရာ ဆင်ဖြူကျွန်း အောင်သိန်း၊ ဆရာ ကာတွန်းဦးဗကလေး၊ ဆရာအိကြာကွေး၊ ကာတွန်း မြင့်စိုးလေး၊ ဆရာမောင်နေမျိုး၊ ဆြာကြီးထိန်၊ ဏီမှူး၊ မောင်သွေးရင့်၊ တေးသံရှင်ကြည်အောင်၊ တနိုင်းခ၊ မောင်ဉာဏ်ကျယ်၊ လေးရှူး၊ ကိုကိုစိုး(ဆင်ပေါင်ဝဲ)၊ မိုးထက်ငြိမ်၊ သိန်းသိန်း(ကြို့ပင်ကောက်)၊ ကျော်ဇောဟိန်း(ဒေါ်ပုံ)၊ကိုအောင်ငွေသိမ်းတို့၏ဟာသ အတွေးအရေးနှင့် ရုပ်ရှင်သဘင်ဟာသရသများဖြင့် ဟာသဂျာနယ် အတွဲ (၂)၊ အမှတ် (၄၁)ကို ဝါမိုးအောင်စာပေ အမှတ် ၅၂၉ ကုန်သည်လမ်း ရန်ကုန်မြို့က ဖြန့်ချိထားကြောင်း သိရသည်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ခုနှစ် ကဆုန်လကွယ်နေ့(ဥပုသ်နေ့)
၁၈–၅–၂၀၀၄(အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၅ ၆။ အကပြိုင်ပွဲ
- ၈:၂၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Grammar made Easy
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၇:၃၀ ၇။ ခံစားနားဆင် တေးဇာတ်ဝင်
- ၁၇:၄၅ ၈။ ကချင်ပြည်နယ် မိုးကောင်းတံတား
- ၁၇:၅၅ ၉။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၃၀ ၁၀။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၂။ အေးချမ်းဝေစည် ရှမ်းတို့ဌာနီ(မြောက်ပိုင်း)
- ၁၉:၂၀ ၁၃။ ရခိုင်ရိုးရာဝတ်စားဆင်ယင်မှု
- ၁၉:၃၅ ၁၄။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
- ၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"**(အပိုင်း–၃၆)
- ၁၉။ Calcio Serie A Highlight
- ၂၀။ မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

မင်္ဂလာဒုံမြို့နယ်စက်မှုဇုန်တွင် တာဝန်ထမ်းဆောင်ရန်

(၁)	ပညာအရည်အချင်း ၁၀ တန်းအထက်	(ကျား)	၁၀	ဦး
		(မ)	၁၀၀	ဦး
(၂)	ဘာသာပြန်	(မ)	၁	ဦး
	မြန်မာ၊ တရုတ်ဘာသာနှင့် ကွန်ပျူတာကျွမ်းကျင်ရမည်။			
(၃)	သူနာပြု	(မ)	၁	ဦး
	တရုတ်စကားကျွမ်းကျင်စွာ ပြောတတ်ရမည်။			

လျှောက်ထားသူသည် အသက်(၂၄)နှစ်ထက် မကျော်ရ။ အနည်းဆုံးအရပ် ၅ပေ၄လက်မ ရှိရမည်။ ရိုးသားကြိုးစားပြီး သွက်လက်ဖျတ်လတ်သူဖြစ်ရမည်။ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံပြီး လျှောက်ထားလိုသူများသည် တစ်လက်မခွဲ x နှစ်လက်မဆိုက် ရောင်စုံဓာတ်ပုံ နှစ်ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် နေထိုင်ကြောင်း ရပ်ကွက်ထောက်ခံစာ၊ ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံစာတို့နှင့်အတူ ၂၀–၅–၂၀၀၄ ရက်မှ ၂၂–၅–၂၀၀၄ ရက်အထိ မင်္ဂလာဒုံစက်မှုဇုန်အတွင်းရှိ မြန်မာအေးရှားအော့ပ်တီကယ်စက်ရုံ (Myanmar Asia Optical) သို့ လာရောက်လျှောက်ထားနိုင်သည်။ ဖုန်း–၆၃၉၀၃၂၊ ၇၀၆၉၇၂။

ရွှေပင်ငွေပင်

ယုဝတီခင်ဦး

"ကြီးကြီးမေ... သစ်ပင်လေးတွေဟာ အသက်ရှုသလားဟင်..."ဟု ပိတောက်ပွင့်တွေ ဝင်းနေသော ပိတောက်ပင်ကြီးကို မော့ကြည့်ရင်း တူမလေး နွယ်နီက ပိတောက်ရနံ့သင်းပျံ့ပျံ့ကို ရှူရင်း မေးလေသည်။

"သစ်ပင်ဟာ သက်ရှိများလိုပဲအသက်ရှူတယ်၊ အစာစားတယ်၊ တစ်နေ့တခြား ထွားကျိုင်းကြီးမားတယ်၊ မျိုးဆက်မပျောက်ပျက်ရန်လဲ ပေါက်ဖွားပေးတယ်။ မြေဩဇာ၊ ရေ၊ လေ၊ အောက်ဆီဂျင်တို့နဲ့ နေရမှ အသက်ရှင်မှာပေါ့သမီး"

"သစ်ပင်တွေ အသုံးဝင်ပုံကတော့ရော ကြီးကြီးမေ"

"သစ်ပင်တွေက အကုန်လုံးအသုံးဝင်တယ်။ အမြစ်က မိုးရေ၊ လေ၊ ရေစီးကြောင်းတို့ကြောင့် မြေဩဇာတိုက်စားခြင်းကကာကွယ်တယ်၊ သစ်ရွက်ဆွေးတွေကလဲ မြေဩဇာပေးတယ်။ သစ်ပင်တွေရှိနေလို့ ရေစီးရေလာမှန်တာပေါ့သမီး။ သစ်ပင်ကအေးမြတဲ့အရိပ်အာဝါသကိုပေးတယ်။ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်တယ်။ဥတုရာသီ တောကိုမှီ၏ ဆိုတဲ့အတိုင်း အပူရှိန်လည်းသက်သာစေတယ်၊ ပတ်ဝန်းကျင်ကို သာယာချမ်းမြေ့မှုပေးနိုင်တဲ့ သစ်ပင်များကြောင့် လူတွေရဲ့ စိတ်ကိုလဲ ကြည်နူးအေးချမ်းသွားစေတယ်"

"ဟုတ်ပါရဲ့နော် ကြီးကြီးမေ၊ သစ်ပင်တွေရဲ့ ကျေးဇူးဟာလဲ အင်မတန်ကြီးမားတာပဲနော်။ သေသေချာချာစဉ်းစားကြည့်ရင် လူတွေရဲ့ အစားအစာ၊ အဝတ်အထည်၊ နေအိမ်အဆောက်အအုံ အသုံးအဆောင်ပစ္စည်းစတဲ့ လူနေမှုအတွက် လိုအပ်တဲ့ပစ္စည်းတွေ ပေးတယ်နော်"

"ဟုတ်တယ်သမီး၊ သစ်ပင်ကြီးတွေဟာ အလွန်သက်တမ်းရှည်ကြတယ်"။

သစ်ပင်သည် တန်ဖိုးမဖြတ်နိုင်ပေ။ ရွှေနိုင်ငံသည် စိမ်းလန်းသောသစ်ပင်အမျိုးစုံဖြင့် ပန်းချီကားတစ်ချပ်သဖွယ်လှပစိုပြည်သည်။ မြန်မာနိုင်ငံ၏ မြေပြင်ဧရိယာ ၅၇ ရာခိုင်နှုန်းသည် သစ်တောများဖြစ်ကြ၍ ကျွန်း၊ ပျဉ်းကတိုး၊ အင်၊ ကညင်၊ သစ်ရာ၊ အင်ကြင်း၊ ပိတောက်၊ ယင်းမာ၊ သရက်၊ ပိန္နဲစသော သစ်အဖိုးတန်များဖြစ်ကြသည်။

သစ်ပင်မှသစ်သီးများ၊ သစ်စေ့၊ သစ်ဆန်များမှာလည်း စားသုံးသူတို့အား အာဟာရဖြစ်စေ၍ ကျန်းမာရေးဖွံ့ဖြိုးပြီး ရောဂါကိုကာကွယ်တွန်းလှန်နိုင်စွမ်းသည်။ ယခုအခါ သစ်သီးဝလံစိုက်ပျိုးရေး လုပ်ငန်းကြီးတစ်ရပ်အဖြစ် မြန်မာနိုင်ငံတွင် အကြီးအကျယ်စိုက်ပျိုး၍ ထွက်ကုန်ပစ္စည်းများအနေနှင့် သစ်သီးဝလံများမှာ များစွာ တန်ဖိုး ရှိနေလေပြီ။

အိမ်ခြံဝင်းတွင် လွန်ခဲ့သော နှစ်ပေါင်း၄၀ခန့်က စိုက်ပျိုးခဲ့သော ပိတောက်၊ ကံ့ကော်၊ စိန်ပန်း၊ ချယ်ရီ၊ ငုဝါ၊ ပျဉ်းမ၊ ခရေ၊ တမာ၊ သရက်ပင် တို့ တပေါင်း၊ တန်ခူး၊ ကဆုန်လများတွင် ပင်လုံးကျွတ်ဖူးပွင့်ဝေဆာပြီး အသီးများမှာလည်း ပင်လုံးကျွတ် ပြွတ်သီးနေကြသည်။ ပိတောက်ပွင့်သောနေ့က တစ်အိမ်လုံး၊တစ်ခြံလုံး ပိတောက်ရနံ့များ သင်းလှိုင်နေသည်။ အိပ်ရာမှ ကမန်းကတန်းထကြည့်တော့ အိမ်ခြံထဲတွင် အရွက်များမမြင်ရဘဲ အဆုပ်လိုက် ရွှေပိတောက်ပွင့်များ တစ်ပင်လုံး ဝင်းဝါလျက်ရှိသည်ကိုတွေ့ရသည်။ တစ်အိမ်လုံး ဘုရားခန်းမှစ၍ အခန်းတိုင်းတွင် ပိတောက်ပွင့်များဝေနေသည်။ သမီးကလေးများ တူမကလေးများ၏ ခေါင်းတွင်ရွှေစည်းပုံစွပ်ထားသလို ပိတောက်ပန်းများ၏ အလှမှာ ကျက်သရေရှိလှသည်။

ကံ့ကော်ပန်းကလည်း တန်ခူးလအထိ ပင်လုံးကြိုင်နေသည်။ တမာရွက်ညို စိမ်းကြားမှ သဇင်ခက်လို ဖြူဖြူဖွေးဖွေး အပွင့်တံရှည်ရှည်နှင့် မွှေးနေသော တမာပန်းရနံ့မှာ ချိုသင်းလှသည်။ စွယ်တော်အဖြူပွင့်များသည် သစ်ပင်ထိပ်ဖျားတွင် လိပ်ပြာဖြူပျံ့ဝဲနေသကဲ့သို့ပင်။ ငုဝါပန်းတွေက မီးပုံးအဝါကလေးများ အစီအရီချိတ်ဆွဲထားသလို တစ်ပင်လုံးဝါ၍ သင်းပျံ့ကာ လေယူရာယိမ်းနွဲ့နေသည်။

စိန်ပန်းအနီရင့်ရင့်ပွင့်များ၊ သော်ကပန်း၊ ခရမ်းရောင်ပျဉ်းမပင်တို့မှာ ပန်းခြံထဲတွင် ရောင်စုံခြယ်လျက်ရှိသည်။ နံနက်ခင်းတွင် စပယ်ဖြူပွင့်များ ဘုရားတင်ရန်မိသားစုခူးကြသည်။ ၁၂ ရာသီပွင့်နေသော အကျော်ပွင့်ဖြူဖြူတို့၏ မွှေးရနံ့ကလည်း တစ်ခြံလုံးသင်းပျံ့နေသည်။ ဇီဇဝါပွင့်တွေက ခြံစည်းရိုးတွင် ငွေကြယ်ပွင့်ကလေးများကဲ့သို့လှပပြီး ရနံ့သင်းကြိုင်လျက်ရှိသည်။ ခရေပင်ကြီးအောက်တွင် ဖွေးဖွေးလှုပ်နေသော ခရေပွင့်ကလေးများကို အလုအယက် ကောက်ယူကြပြန်သည်။

လေရူးကလေးဆော်သွေးတိုင်း သရက်သီးမှည့်များက ကြွေကျလာ၏။ ကလေးများက သရက်သီးဆွတ်ခြင်းဖြင့် သရက်သီးများကို ပျော်ပျော်ပါးပါး ဆွတ်ခူးကြသည်။ ခြံစည်းရိုးတစ်ဝိုက်တွင် အုန်းပင်အုန်းရွက်တွေကလည်း အုန်းသီးအခိုင်များနှင့်အတူ လေအဝှေ့တွင် ယိမ်းနွဲ့နေသည်။ ငှက်ကလေးများ၏ တေးဆိုသံကလည်း ချစ်စရာအသံမျိုးစုံပင်။ ဥသြငှက်ငယ်၏ လွမ်းဆွတ်ဖွယ်ရာ တွန်ကျူးသံကား သစ်ပင်ထိပ်ဖျားမှ ထွက်ပေါ်လာသည်။

အိမ်နောက်ဖေးခြံထဲတွင် ငှက်ပျောပင်က ငှက်ပျောခိုင်များက မြစိမ်းရောင်စိုနေသည်။ သင်္ဘောသီးတွေကလည်း မဝါ့တဝါအရောင်ဖြစ်နေသဖြင့် မခူးရက်သေး။ နံနက်ခင်းတွင် နောက်ဘက်ခြံမှာ ကန်စွန်းရွက်၊ ရုံးပတီသီး၊ မုန်ညင်း၊ ချဉ်ပေါင်ပင်တို့ကို မီးဖိုချောင်တာဝန်ယူနေသော တူမငယ်များက ဗန်းကလေးကိုယ်စီနှင့် ခြံထဲတွင်ဆင်းခူးနေကြသည်။

ပန်းများသည် သဘာဝ၏ အလှဆုံးပစ္စည်းထဲမှာ ပါဝင်သလို ဝင်းဝါသော သစ်သီးဝလံသည်လည်း သဘာဝ၏ချိုမြသော ဂလူးကို့(စ်)ဓာတ်ပါဝင်သော ဗီတာမင်အေပါဝင်သော အသီးအနှံဖြစ်ကာ စိမ်းလန်းသောဟင်းသီးဟင်းရွက်များသည်လည်း အာဟာရနှင့်ပြည့်စုံ၍ ရောဂါကာကွယ်သော သဘာဝသတ္တိရှိလေသည်။ အစားအစာဆိုသည်မှာ သက်ရှိသတ္တဝါတို့ မှီဝဲစားသောက်ရမည့် ပစ္စည်းဖြစ်သည်။ အာဟာရဆိုသည်မှာ သက်ရှိသတ္တဝါတို့၏ အသက်ရှင်ရေးသာမက အသွေးအသား၊ခွန်အား၊ ဉာဏ်အားဖွံ့ဖြိုးတိုးတက်ကာ အသက်ရှည်ရာ အနာမဲ့ကြောင်း ဖြစ်စေသည့်အရာ ဖြစ်သည်။

နိုင်ငံတော်ကဦးဆောင်၍ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရန် ဘက်စုံထောင့်စုံက ဆောင်ရွက်ပေးနေရာတွင် နိုင်ငံတော်၏သာယာလှပသော ရှုခင်းသာများ၊ ပန်းမျိုးစုံ ဝေဆာလျက်ရှိသော မာလာမြိုင်၊ အမျိုးသားဥယျာဉ်ကြီးများ၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝအလှအပများနှင့် ကျက်သရေရှိလှသော မြန်မာ့ရှုခင်းများကို ဖန်တီးနေရာတွင် ပြည်သူလူထုကပါ မိသားစုတိုင်း မိမိတို့၏အိမ်ဝင်း၊ အိမ်ခြံတိုင်း၊ မြို့တိုင်း၊ နယ်တိုင်း တစ်ပိုင်တစ်နိုင် သစ်ပင်၊ သစ်သီးဝလံ၊ သီးနှံ၊ ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးကြပါက ရွှေပင်ငွေပင်ဖြိုးဝေလျှံလျက်၊ ရွှေသီးငွေသီး ပြိုင်စံသီးကာ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် ပိုမိုမြင့်မားလာမည်ဟု ယုံကြည်မိပါသည်။

ရွှေပင်ငွေပင်
ရွှေရောင်လွှင်လျက်
ရွှေသီးငွေသီး
ရွှေမြေကြီးမှာ
ညွှတ်ကာဝင့်ကာ
တင့်တယ်ပါသည်
သာယာလှသည့်-ရွှေဝါမြေ။ ။

ကျိုက်လတ်မြို့နယ် အိမ်ယာကြီး-တောင်ဘို့ကြီး ကျေးရွာချင်းဆက် မြေသားလမ်းဖွင့်ပွဲ ကျင်းပ

ကျိုက်လတ် မေ ၅

ကျိုက်လတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် အိမ်ယာကြီးကျေးရွာနှင့် တောင်ဘို့ကြီးကျေးရွာချင်းဆက် မြေသားလမ်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၉ရက်က အိမ်ယာကြီးကျေးရွာရှိ မုခ်ဦးတွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ပြည်သူများ တက်ရောက်ကြပြီး ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အဆိုပါ မြေသားလမ်းမှာ အမြင့် ၅ပေ၊ အကျယ် ပေ၂၀၊ အရှည် ၅မိုင် ၂ဖာလုံရှိပြီး ကျေးရွာပြည်သူလူထု အင်အားဖြင့် ဖောက်လုပ်ခဲ့ကြောင်း သိရသည်။

(ဝ၅၈)

ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် ဆုရရှိသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို မေ ၁၁ ရက်ညက ရန်ကင်းမြို့နယ် ကြက်ခြေနီ တပ်ခွဲ(၂) ရုံးခန်းတွင် ကျင်းပရာ ဆုရသူ မောင်ကျော်ရဲဝင်းနှင့် မောင်ဌေးဦး တို့အား ရန်ကင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ဦးအောင်သန်းက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူပူးပေါင်း ဆောင်ရွက်ပြီးစီးခဲ့သည့် မုဒုံမြို့ မြို့မ(၁) ရပ်ကွက်စုပေါင်းရုံးလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးဖုန်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ဇီးတောဆည်ရေဖြင့် နွေစပါးစိုက်ပျိုးမှုကြည့်ရှု

နွားထိုးကြီး ဧပြီ ၈

နွားထိုးကြီးမြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီ အတွင်းရေးမှူး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးဝေမြင့်၊ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်း ဒုတိယမန်နေဂျာ ဦးစိန် ကြည်နှင့်အဖွဲ့သည် ဇီးတောဆည်ရေဖြင့် နွေစပါးစိုက်ပျိုးနေမှုကို ဧပြီ ၂ ရက်က ကွင်းဆင်းကြည့်ရှုကြသည်။

ဇီးတောဆည်ရေဖြင့် နွားထိုးကြီးမြို့နယ်မှ ဧက ၁၀၀နှင့် ဝမ်းတွင်းမြို့နယ်မှ ဧက ၁၀၀ကို နွေစပါးစိုက်ပျိုးရေး အကောင်အထည်ဖော်စိုက်ပျိုးနိုင်ပြီး မကြာမီ နွေစပါးထွန်တုံးပိတ်မည်ဖြစ်သည်။ ဇီးတောဆည်မှ နွားထိုးကြီး၊ ဝမ်းတွင်း၊ မလှိုင်မြို့နယ်များရှိ စိုက်ဧက ၅၀၀၀ကို ဆည်ရေဖြင့် နွေစပါး စတင်စိုက်ပျိုး အကောင်အထည်ဖော် ဆောင်ရွက်ကြကြောင်း သိရသည်။ (၂၂၇)

ကျေးလက်ဒေသများအတွက် စက်ရေတွင်းများလှူဒါန်းနိုင်

ရန်ကုန် မေ ၁၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည်တိုင်းနှင့် ပြည်နယ်များရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း၊ စက်ပစ္စည်းစုံ ကျပ် ၂၅၀၀၀၀၊ နှစ်လက်မ စက်ရေတွင်း အနက်ပေ ၄၀၀တစ်တွင်း၊ စက်ပစ္စည်းစုံ ကျပ်၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း၊ စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြသည်။

ရေလှူဒါန်းခြင်းဖြင့် လျင်မြန်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ ကျော်ကြားလူသိများခြင်း၊ ဆာလောင်မွတ် သိပ်မှုကင်းခြင်း၊ အခြွေအရံများခြင်း၊အသက်ရှည်ခြင်း၊အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အား ဗလကြီးမားခြင်းနှင့် ဉာဏ်ပညာကြီးမားခြင်းစသည့် ရေအကျိုး ၁၀ ပါးကို ဆုမတောင်းဘဲ ရရှိနိုင်သည်ဖြစ်ရာ စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၂၄၅၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ)၊ ဖုန်း-၀၁-၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၇၁-၂၁၀၁၂၊ ညွှန်ကြားရေးမှူး (မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး (မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၂-၅၄၆၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ရုပ်ရှင်ဇာတ်ကားကြီးအချို့ ပရိသတ်တောင်းဆိုချက်အရ ဗီဒီယိုဇာတ်ကားအဖြစ် ပြန်လည်အသက်သွင်း

မောင်ဆွေထွန်း

ရန်ကုန် မေ ၁၆

မြန်မာဗီဒီယိုဇာတ်ကားများသည် ရပ်ကွက်ကျေးရွာအနှံ့ရောက်ရှိသည်နှင့် အညီ ရုပ်ရှင်ရုံကြီးများသို့ သွားရောက်ကြည့်ရှုခြင်း မပြုနိုင်သော ပရိသတ်၏ တောင်းဆိုချက်အရ နာမည်ရ ရုပ်ရှင်ဇာတ်ကားကြီးများကို ယခုအခါ ဗီဒီယိုဇာတ်ကားအဖြစ် ပြန်လည်ထုတ်လုပ်ပြသလာကြသည်ကို တွေ့ရသည်။

မေ ၁၇ ရက်မှ တစ်ပတ်အတွင်း ဖြန့်ချိပြသမည့် ဗီဒီယိုဇာတ်ကားများအနက် ရုပ်ရှင်ဇာတ်ကားကြီးများကို ဗီဒီယိုအဖြစ်ပြန်လည်ထုတ်လုပ်သော ဒါရိုက်တာခင်မောင်ဦး၊ စိုးသိမ်းထွဋ်၏ **'ရင်တွင်းစကား'** ဇာတ်ကားကြီးနှင့် ဒါရိုက်တာ မောင်ဝဏ္ဏ၏ စူပါသရုပ်ဆောင်များမပါဘဲ လူကြိုက်များခဲ့သော **'ဓာတ်ခဲ'** ဇာတ်ကားတို့ ပါဝင်သည်။

ဆက်လက်၍ ဖြန့်ချိပြသခွင့်ရရှိသော ဇာတ်ကားများမှာ ဒါရိုက်တာ မျိုးထူးရိုက်ကူးပြီး ကျော်ရဲအောင်၊ ယမင်းကိုကိုတို့ ပါဝင်သော **'ကြယ်စင်တို့ရဲ့ဥယျာဉ်မှူး'**၊ ဒါရိုက်တာ ဘုန်းဝေ၏ **'ပုံရိပ်ထဲကဖူးစာရှင်'**၊ လပ်ကီးပလေ့ ဗီဒီယိုမှ ဒါရိုက်တာမိုက်တီး ရိုက်ကူး၍ မင်းမော်ကွန်း၊ နန္ဒာလှိုင်တို့ပါဝင်သော **'ဖုန်းသရဲလေး'** ဇာတ်ကား၊ ဒါရိုက်တာ မောင်မောင်ဦး(စနိုးပိုက်) ရိုက်ကူး၍ နိုင်းနိုင်း၊ နန္ဒာလှိုင်တို့ ပါဝင်သော **'မိုးကောင်းကင်ကြီးဘယ်မှာနေ'**။

ဇမ္ဗူ့တလူဗီဒီယိုမှ မောင်မြတ်ဆွေ ရိုက်ကူး၍ ကျော်သူ၊ကျော်ရဲအောင်၊ မင်းခေတ်၊ လှအဥ္စလီတင့်တို့ပါဝင်သော **'အငြိုး'** ဇာတ်ကား။ ဒါရိုက်တာအောင်သြဘာရိုက်ကူး၍ သားညီ၊ သူထူးစံ၊ ခိုင်ဇွန်တို့ပါဝင်သော **'အိပ်မက်ချစ်သူ'**၊ ဒါရိုက်တာဒေါနရိုက်ကူး၍ နေထက်လင်း၊ မျိုးစန္ဒီကျော်၊ ချိုပြုံး၊ စမ်းစမ်းအေးတို့ပါဝင်သော **'အပယ်ခံ'** ဇာတ်ကားတို့ ပြသမည်ဖြစ်သည်။

ရုပ်ရှင်ဇာတ်ကားကြီးများဖြစ်သော ဒွေး၊ ဇာဂနာ၊ မေသန်းနု၊ အိန္ဒြာကျော်ဇင်တို့ ပါဝင်သော **'ရင်တွင်းစကား'** ဇာတ်ကားနှင့် ဥက္ကာ၊ မိုးဒီ၊ ဖျိုက်၊ ဆုပန်ထွာတို့ ပါဝင်သော **'ဓာတ်ခဲ'** ဇာတ်ကားတို့ကိုလည်း ဗီဒီယိုအဖြစ်အသက်သွင်းထားသည်ကို ပြန်လည် ခံစားကြည့်ရှုကြရမည်ဖြစ်သည်။

(မြန်မာ့အလင်း)

မေ ၂၁ ရက်တွင် ဖြန့်ချိပြသမည့် 'အငြိုး' ဇာတ်ကားမှ ကျော်ရဲအောင်၏ သရုပ်ဆောင်ဟန်။



'ဖုန်းသရဲလေး' ဗီဒီယိုဇာတ်ကားမှ မင်းမော်ကွန်းနှင့် နန္ဒာလှိုင်။

ဒါရိုက်တာမောင်ဝဏ္ဏ၏ 'ဓာတ်ခဲ' ဗီဒီယိုဇာတ်ကားမှ ဆုပန်ထွာ။

ကောင်းခြင်းခုသည့်ချိန်ခါ ကြည့်ကြရတော့မည်

ရန်ကုန် မေ ၁၇

မိယာဗီဒီယို ထုတ်လုပ်ရေးမှ ဒါရိုက်တာကုသိုလ်ရိုက်ကူး၍ လွင်မိုး၊ နန္ဒာလှိုင်၊ ညွန့်ဝင်း၊ ချိုပြုံးနှင့် လှအဥ္စလီတင့်တို့ သရုပ်ဆောင်ပါဝင်သည့် **'ကောင်းခြင်း ခုသည့်ချိန်ခါ'** အဆင့်မြင့် ဗီဒီယိုဇာတ်ကား မကြာမီရုပ်ရှင်ရုံကြီးများတွင် တင်ဆက်ပြသရန် စီစဉ်ထားကြောင်း သိရသည်။ ။ **(မြန်မာ့အလင်း)**

အကျဉ်းဦးစီးဌာန ဝန်ထမ်းမိသားစုများ ရေစီးရေလာကောင်းမွန်ရေး စုပေါင်းသန့်ရှင်း

ရန်ကုန် မေ ၁၇

အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်နှင့် ရွာမအလယ်ရပ်ကွက် ဘုရင့်နောင်လမ်းမကြီးဘေးရှိရေမြောင်းများ ရေစီးရေလာကောင်းမွန်အောင်ဆောင်ရွက်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများကို ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ အင်းစိန်ဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိဒုတိယညွှန်ကြားရေးမှူးဦးလှကြည် ဦးဆောင်၍ မေ ၁၅ရက်နံနက် ၆နာရီခွဲမှ ၈နာရီခွဲအထိ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သား များနှင့် မိသားစုဝင် စုစုပေါင်း ၃၃၈ဦးက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြကြောင်း သိရသည်။

(အောက်ပုံ) (က–ပ)

မိုး

ကြိုတင်ကာကွယ်မှုဖြင့်အနိုင်ယူပါ

မီးဖိုချောင်သုံးပစ္စည်းများ သရုပ်ပြရှင်းလင်း

ရန်ကုန် မေ ၁၇

ရန်ကုန်မြို့ အမှတ် ၆၉/၇၁၊ ဆူးလေဘုရားလမ်းရှိ Earth Trading Co., Ltd (Myanmar)နှင့် Pantainorasingh Manufacturer Co.,Ltd(Thailand) တို့ ပူးပေါင်းတင်သွင်းသော နိုင်ငံခြားဖြစ်မီးဖိုချောင်သုံး စားသုံးကုန်ပစ္စည်းများ သရုပ်ပြရှင်းလင်းပွဲကို မေ ၅ ရက် မွန်းလွဲ ၂ နာရီက လပြည့်ဝန်းပလာဇာ၌ ကျင်းပသည်။

သရုပ်ပြရှင်းလင်းပွဲတွင် မီးဖိုချောင်သုံး စားသုံးကုန်ပစ္စည်းများနှင့်ပတ်သက်၍ ဦးမြင့်ထွန်း နှင့် Ms: Sahddtre Suphamongkol တို့က **(အောက်ပုံ)** မိတ်ဆက် အမှာစကား ပြောကြားပြီး မီးဖိုချောင်သုံးပစ္စည်းများဖြစ်သော Chilli Paste with Soya Bean Oil, Tamaind Paste, Crab Paste with Soya Bean Oil, Light Soy Sauce, Oyster Sauce စသည့် ပစ္စည်းများ အသုံးပြုပုံကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် စားဖိုမှူးများက အဆိုပါပစ္စည်းများ သုံးစွဲပြီး သရုပ်ပြချက်ပြုတ်၍ တက်ရောက်လာသော ဧည့်ပရိသတ်များအား လက်တွေ့ မြည်းစမ်းစေသည်။

အထက်ပါ နိုင်ငံခြားဖြစ် မီးဖိုချောင်သုံး စားသုံးကုန်ပစ္စည်းများကို Super Market ကြီးများ၊ ညောင်ပင်လေးဈေး၊ သိမ်ကြီးဈေးစသော ဈေးကြီးများနှင့် မြို့နယ်အသီးသီးရှိ Store ဆိုင်ကြီးများတွင် ရောင်းချလျက်ရှိကြောင်း သိရသည်။

(က–ပ)

မြန်မာ့အသံ

၁၉–၅–၂၀၀၄
(ဗုဒ္ဓဟူးနေ့)
နံနက်ပိုင်း

၀၇း၀၀ တရားတော်
(မင်းကွန်းဆရာတော်ကြီး၏ မောရသုတ်နှင့် ဝဋ္ဋသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (မြန်မာ့လျှာနှင့် လိုက်ဖက်သော ရွှေခြသေ့်ကော်ဖီ၊ လက်ဖက်ရည် ထုတ်လုပ်မှု)
၁၁း၃၀ သောတရှင်အတွက်ပြန်ကြားချက်
၁၂း၀၀ မြန်မာ့အနုသဘင် (ဆရာကြီး ဦးဂုဏ်ဘဏ်)
၁၂း၂၅ သူ့အတွေးနှင့် သူ့အရေး (အသက် ၅၀ ကျော်လျှင်–ကံချွန်)
၁၃း၁၀ ယဉ်ကျေးမှုအနုပညာ (မြန်မာ့ရုပ်ကြွပန်းပု–ဦးမင်းနိုင်)

ညနေပိုင်း

၁၇း၃၀ အစာနှင့်အဟာရ (ကျောက်ကျောနှင့် ဆေးကုလားမ)
၁၇း၄၅ အဆို၊အက၊အရေး၊အတီး ဆုရအစီအစဉ်(ဧရာဝတီတိုင်းမှ မောင်အောင်အောင်နှင့် ရန်ကုန်တိုင်းမှ မောင်ဇေယျာမင်း၏ စန္ဒရားလက်သံ)
၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ (၁)ဒီဟာအစဒီလိုဗျ မောင်အုန်းဖေ (M.A,M.S, B.L) (၂)စိတ်ရှင်းရင်ဘဝလည်း ရှင်းတယ်(ခင်စောတင့်)
၂၀း၃၀ မေတ္တာလက်ဆောင်ရတေးစီးရီး (မန်းသီရိတေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သော အက်ဂါ၏ နတ်မြင်းပျံတေးစီးရီး)

ကွန်ပျူတာနည်းပညာပြပွဲကျင်းပမည်

ရန်ကုန် မေ ၁၇

KMD၏ မေလ ကွန်ပျူတာနည်းပညာပြပွဲကို မေ၂၃ရက် မွန်းလွဲပိုင်းတွင် Strand Hotel မင်္ဂလာခန်းမ၌ကျင်းပမည်ဖြစ်သည်။ ၎င်းပြပွဲတွင် နောက်ဆုံးပေါ် ကွန်ပျူတာနည်းပညာများ၊ Hardwareပိုင်းဆိုင်ရာ ပစ္စည်းများ၊ Web and Software ဆိုင်ရာ နည်းပညာများ၊ ကွန်ပျူတာနည်းပညာဆိုင်ရာ စာအုပ်များနှင့် လူသုံးများလာပြီဖြစ်သော ယနေ့ခေတ် ဒီဂျစ်တယ်နည်းပညာသုံးကင်မရာများ၊ လွယ်ကူစွာသိမ်းဆည်းနိုင်သော အိတ်ဆောင် Storage Device များ၊MP3 Player စသည်တို့ကိုပါ ခင်းကျင်းပြသမည်ဖြစ်သည်။

အဆိုပါ ကွန်ပျူတာနည်းပညာပြပွဲတွင် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ယနေ့ခေတ် နိုင်ငံတကာ၌ ရေပန်းစားနေသော ကြိုးမဲ့နည်းပညာ (Wireless Technology)ကို အခြေခံ၍ Internet အသုံးပြုနိုင်အောင်စီစဉ်ထားသော Hotspots Areaကိုလည်းထားရှိမည်ဖြစ်သည်။ ပြပွဲလာရောက်ကြည့်ရှုသူများအနေဖြင့် အဆိုပါ Hotspots Area တွင် Internet ကို အခမဲ့ သုံးစွဲခွင့်ရရှိမည်ဖြစ်သည်။

KMD Sales Centre များအနေဖြင့် အရည်အသွေးမြင့် Computerများကို မှန်ကန်သောဈေးနှုန်း၊ စိတ်ချရသော အာမခံစနစ်ဖြင့် ရောင်းချပေးလျက်ရှိရာ အသေးစိတ်ဆက်သွယ်လိုပါက ဖုန်း–၂၄၅၁၈၀၊ ၃၈၁၇၇၆၊ ၂၀၄၀၇၁၊ ၂၄၃၅၉၅၊ ၅၀၀၂၉၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဆွမ်းဆန်စိမ်းလောင်းလှူ

ကျောက်ပန်းတောင်း မေ ၁၈

ကျောက်ပန်းတောင်းမြို့နယ်တွင် မြန်မာနှစ်ဆန်းတစ်ရက်က မြို့နယ်သံဃနာယကအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပရာ မြို့ပေါ်စာသင်တိုက် အသီးသီးမှ သံဃာတော်နှင့် ရှင်သာမဏေ အပါး ၁၈၀၀ကျော် မြို့တွင်း လှည့်လည်ဆွမ်းဆန်စိမ်းအလှူခံကြသည်။

ယင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ရပ်ကွက် ၁၂ရပ်ကွက်မှ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များက ဆရာတော် သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်၊

ထို့အပြင်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်မြင့်ဌေး၊ ဥက္ကဋ္ဌ ဒေါ်ဝင်းရီတို့ ဦးဆောင်သောအမျိုးသမီးအဖွဲ့များက ကြွရောက်တော်မူကြသော သံဃာတော်များအား အချိုရည်များ ဆက်ကပ် လှူဒါန်းကြသည်။ **(ဝ၆၁)**

ယူအီးအက်ဖ်အေဖလား ပြင်သစ်မြေကိုလား၊ စပိန်မြေဆီလား

ဟိန်းသန့်

ရန်ကုန် မေ ၁၇

ယူအီးအက်ဖ်အေဖလားခေါ် ဥရောပဘောလုံးအဖွဲ့ချုပ်ဖလား ဗိုလ်လုပွဲကို မေ ၁၉ ရက်၌ ဆွီဒင်နိုင်ငံ ဂိုသင်ဘတ်မြို့တွင် ပြင်သစ်နိုင်ငံမှ အိုလံပစ်မာဆေးအသင်းနှင့် စပိန်နိုင်ငံမှ ဗလန်စီယာအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ နှစ်သင်းစလုံးအတွက်တော့ ဤဗိုလ်လုပွဲမှာ ရည်မှန်းချက်ကိုယ်စီနှင့်။ မာဆေးအသင်းအတွက် ယူအီးအက်ဖ်အေဖလားကို ပထမဦးဆုံးရဖူးသည့် ပြင်သစ်အသင်းအဖြစ် မှတ်တမ်းတင်လိုသည့် ဆန္ဒများအပြည့်ဖြင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သလို ဗလန်စီယာအသင်းအတွက်ကလည်း ဤရာသီ၌ ဖလားနှစ်လုံး ဆွတ်ခူးနိုင်ရေးအတွက် ကြိုးပမ်းမည်ဖြစ်ရာ ပွဲမှာအကြိတ်အနယ်ရှိမည့်ပုံပင်။ ကြားမြေ၊ ကြားကွင်း၌ တစ်ပွဲတည်းဖြင့် အနိုင်အရှုံးဆုံးဖြတ်မည်ဖြစ်ရာ နှစ်သင်းစလုံးအတွက် နည်းနည်းလေးမှ အမှားမခံတော့။ မှားသည့်အသင်းခံသွားရမည့်ပွဲမျိုးဖြစ်နေရာ နှစ်သင်းစလုံး အနိုင်ရရေးအတွက် ရေကုန်ရေခန်း အားထုတ်ကြမည်မှာလည်း သေချာသလောက်ဖြစ်နေသည်။ ထို့ကြောင့် ယူအီးအက်ဖ်အေဖလားလုမည့် မာဆေးနှင့် ဗလန်စီယာတို့၏ပွဲမှာ ပရိသတ်၏ရင်ကို လှုပ်ခတ်အောင် လုပ်နိုင်ဦးမည့်ပွဲတစ်ပွဲဟု ဆိုလိုက်ချင်သည်။

ယူအီးအက်ဖ်အေဖလား ဒုတိယအကျော့ အကြိုဗိုလ်လုပွဲစဉ်တွင် မာဆေးတိုက်စစ်မှူး ဒရော့ဘာက နယူးကာဆယ်ဘက်သို့ ဒုတိယဂိုးသွင်းယူလိုက်သည်ကို တွေ့ရစဉ်။ (ဒရော့ဘာသည် မာဆေးအတွက် အနိုင်ဂိုးနှစ်ဂိုးစလုံးကို သွင်းယူပေးခဲ့သည်။)

(ဓာတ်ပုံ-အင်တာနက်)

ရေပန်းစား

သည်နှစ်သင်းအနက် တကယ်တမ်း ရေပန်းစားနေသည့်အသင်းမှာ ဗလန်စီယာဖြစ်သည်။ ဗလန်စီယာအသင်းအနေဖြင့် မာဆေးထက် အတွေ့အကြုံပိုင်းရော စာရွက်ပေါ်က ကစားသမားစာရင်းပါ သာနေသည်ကလည်းအမှန်။ သို့သော် မာဆေးအသင်းကိုလည်း လျှော့တွက်ထား၍မရ။ သည်ရာသီ ပြင်သစ်အသင်းများ၏

ယူအီးအက်ဖ်အေဖလား ဒုတိယအကျော့ အကြိုဗိုလ်လုပွဲစဉ်တွင် ဗလန်စီယာ တိုက်စစ်မှူး မစ္စတာကဗေလာရီးယဲလ်မှ ဂျူစီယို၏ ဟန့်တားမှုအား ကျော်ဖြတ် ထိုး ဖောက်စဉ်။

(အဆိုပါပွဲတွင် ဗလန်စီယာက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။)

(ဓာတ်ပုံ-အင်တာနက်)

ခြေစွမ်းမှာ အားလုံးက လေးစားရလောက်အောင် ဖြစ်နေသည်။ ချန်ပီယံလိဂ်၌ မိုနာကို၊ ယူအီးအက်ဖ်အေ၌ မာဆေးစသည့် ပြင်သစ်အသင်း နှစ်သင်း မထင်မှတ်လောက်အောင် ပြိုင်ဘက်များကို ကျော်လွှားပြီး ဗိုလ်လုပွဲများဆီသို့ အရောက်လှမ်းပြလာရာ ဗလန်စီယာတို့ဗိုလ်စွဲရန် ရေပန်းစားနေသော်လည်း မာဆေးအသင်းကို သတိအပြည့်ဖြင့် ရင်ဆိုင်ရမည့် အခြေအနေမျိုးဖြစ်သည်။

ပွဲကျပ်၊ပွဲချောင်

ထိုနှစ်သင်း၏ ဗိုလ်လုပွဲသို့ အရောက်လှမ်းလာကြသည့် လမ်းကြောင်းကို ပြန်ကြည့်လျှင် မာဆေးအသင်းမှာ ချန်ပီယံလိဂ် အုပ်စုအဆင့်တွင် တတိယရရှိ၍ ယူအီးအက်ဖ်အေဖလားသို့ ကူးလာသည့်အသင်းဖြစ်ပြီးဗလန်စီယာအသင်းမှာမူ ယူအီးအက်ဖ်အေဖလားပွဲကို ပထမအဆင့်မှစတင် ကစားခဲ့သော အသင်းဖြစ်သည်။ ဤနှစ်သင်းကို ယှဉ်ကြည့် လျှင် မာဆေးအသင်းအနေဖြင့် အသင်းကြီးများနှင့် ပိုမို ရင်ဆိုင်ခဲ့ရပြီး ဗလန်စီယာမှာမူ မာဆေးလောက်ပွဲကျပ်များ နွှဲခဲ့ရခြင်းမျိုးသိပ်မရှိခဲ့။ ထိုအချက်က မာဆေးအသင်းအနေဖြင့် ဗလန်စီယာထက် စိတ်ဓာတ်ရေးရာအပိုင်းတွင် ပိုပြီးထုသားပေသားကျကာ အသင်း၏ ယုံကြည်မှု စိတ်ဓာတ်အားပိုကောင်းနေနိုင်သည်။ ဗလန်စီယာဘက်က ပြန်ကြည့်လျှင်မူ ဗိုလ်လုပွဲအထိ သက်သောင့်သက်သာ တက်လာနိုင်သည့်အပြင် ပြည်တွင်း လာလီဂါချန်ပီယံဘွဲ့ကိုလည်း ရထားပြီးဖြစ်ရာ ချန်ပီယံစိတ်ဓာတ်ကိန်းအောင်းနေနိုင်သည့်အပြင် ကစားသမားများအနေဖြင့်လည်း အင်အားအပြည့်၊ အာရုံစူးစိုက်မှုအပြည့်ဖြင့် ဤပွဲကိုနွှဲခွင့်ရှိနေသည်ဟု ဆိုနိုင်သည်။ သည်နှစ်သင်း၏ အတွေ့အကြုံပိုင်းကို ယှဉ်လျှင်လည်း ဗလန်စီယာအသင်းမှာ ဥရောပအဆင့်ပွဲများကို ဆက်တိုက် ဆိုသလို နွှဲနေရသည့်အသင်းဖြစ်သည့်အပြင် ၂၀၀၀ပြည့်နှစ်နှင့် ၂၀၀၁ခုနှစ်၌ ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ နှစ်ကြိမ်ဆက်တိုက် တက်နိုင်ခဲ့သည့်အပြင် ၂၀၀၂ခုနှစ် ယူအီးအက်ဖ်အေဖလား၌ ကွာတားအဆင့်၊ ၂၀၀၃ခုနှစ် ချန်ပီယံလိဂ်၌ ကွာတားအဆင့်ထိ တက်နိုင်ခဲ့သည့် အသင်းဖြစ်ရာ ထိုပြိုင်ပွဲများမှ ကစားသမားအများစုကို အခြေခံထားသည့် ဗလန်စီယာက မာဆေးထက်သာသည်ဟု ဆိုရမည်ဖြစ်သည်။

နည်းပြချင်း

နည်းပြချင်းယှဉ်လျှင်မူ ဤနှစ်သင်း သိပ်မကွာလှ။ သို့ရာတွင် ဗလန်စီယာနည်းပြ ဘင်နီတက်စ်အနေဖြင့် သူ့ကစားသမားများကို သည်နောက်ပိုင်း အလှည့်ကျပွဲထုတ်ခဲ့သည့်အတွက် ကစားသမားများနှင့် နည်းပြကြားနားလည်မှု ပိုရှိနေနိုင်သည်။ မာဆေးနည်းပြအနေဖြင့်မူ ကစားသမားများ၏ စိတ်ဓာတ်ရေးရာအပိုင်းနှင့် အသင်း၏နည်းဗျူဟာပိုင်းချမှတ်မှု၌ ကျွမ်းကျင်သော်လည်း အသင်းတွင် ကြုံနေရသည့် ဒဏ်ရာပြဿနာများကြောင့် အသင်းကို ပြင်ဆင်ရာတွင် အခက်အခဲအနည်းငယ်ရှိနိုင်သည်။

ဂိုးသမားချင်း

ဂိုးသမားများအနေဖြင့် မာဆေးက ဘားသက်ဇ်နှင့် ဗလန်စီယာမှ ကာနီဇာယက်စ်တို့ နှစ်ဦးစလုံးမှာလည်း သိပ်မကွာလှ။ သို့သော် တစ်ခါတစ်ရံ ဘားသက်ဇ်၏ ပျာယာခတ်အပြုအမူများက အသင်းအတွက် ထိခိုက်နိုင်သည်ကို စဉ်းစားထားရမည်ဖြစ်သည်။

နောက်၊ လယ်၊ ရှေ့

နောက်တန်းချင်း ယှဉ်လျှင်လည်း တစ်သင်းနှင့်တစ်သင်းသိပ်မကွာသော်လည်း ဗလန်စီယာခံစစ်ကြောင်းက အတွေ့အကြုံပိုများပြီး ပိုမာသည်။ မာဆေးခံစစ်မှာ ဗိုလ်လုပွဲအထိတက်နိုင်ရာတွင် အရေးပါသည် အခန်းကဏ္ဍမှပါဝင်ခဲ့သော်လည်း ကစားသမားများ၏ အတွေ့အကြုံနည်းပါးမှုက ဗလန်စီယာသာတိုက်စစ်ကို လျင်မြန်စွာဖြင့် အဆက်မပြတ်ကစားခဲ့ပါက ပြိုလဲသွားနိုင်သည့် အနေအထားမျိုးတွေ့နေရသည်။ ကွင်းလယ်တွင်မူ မာဆေးတို့အနေဖြင့် ဗလန်စီယာကိုယှဉ်နိုင်ဖို့ သိပ်မလွယ်။ တစ်ဦးချင်းကျွမ်းကျင်မှု၌ မာဆေးကွင်းလယ်က သာနိုင်သော်လည်း ဗလန်စီယာတို့က ကွင်းလယ်၌ အဖြတ်အတောက်ပိုကောင်းပြီး တောင်ပံနှစ်ဖက်ကလည်း တိုက်စစ်အတွက် ထိရောက်သည့်ပံ့ပိုးမှုမျိုး ပေးနိုင်လေ့ရှိသည့်အပြင် ပွဲကိုလိုက်ပြီး မာမာလည်းကစားနိုင်၊ မြန်မြန်လည်းကစားတတ်ရာ မာဆေးတို့အနေဖြင့် ဗလန်စီယာကို ကွင်းလယ်

ယူအီးအက်ဖ်အေဖလား ဒုတိယအကျော့ အကြိုဗိုလ်လု ပွဲစဉ်တွင် ဗေလာ ရီးယဲလ်မှ ဂျို့မာရီ(ဝဲ)၏ ထိုးဖောက်မှုကို ဗလန်စီယာမှ ပယ်လီဂရီနို (ယာ) က ဟန့်တားရန် ကြိုးစားစဉ်။ (အဆိုပါပွဲတွင် ဗလန်စီယာက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။)

(ဓာတ်ပုံ အင်တာနက်)

တွင် ယှဉ်နိုင်ရန်မှာ ခက်ခဲမည့်အနေအထားမျိုးဖြစ်နေသည်။ ရှေ့တန်းတွင်လည်း မာဆေးတို့အတွက် အားအကိုးရဆုံးမှာ ဒရော့ဘာ ဖြစ်နေပြီး ဗိုလ်လုပွဲ၌ ဒရော့ဘာ ကစားရေး မသေချာသေးရာ မာဆေး တိုက်စစ်အခက်တွေ့မည့်ပုံရှိသည်။ မီဒိုကလည်းနာနေ၊ မာလေကလည်း ထင်သလောက်အားမကိုးရသေးရာ ခံစစ်ကောင်းသော ဗလန်စီယာကို မည်သို့ ကျော်ဖြတ်ပြီး ဂိုးရအောင် ယူမည်ဆိုသည်မှာ စိတ်ဝင်စားစရာတော့ ကောင်းနေသည်။ ဗလန်စီယာမှာမူ အိမ်းမားပြန်ကစားခြင်းအတွက် တိုက်စစ်ဖန်တီးမှုစွမ်းအားတက်လာသည့်အပြင် မစ္စတာကလည်းဂိုးရအောင်သွင်းနိုင်သည့် တိုက်စစ်မှူးမျိုး ဖြစ်နေသည်။ မစ္စတာခြေစွမ်းမပြလျှင်တောင် အန်ဂူလို၊ ဘိုလီမီယေးရား၊ စစ္စကို၊ ဆန်ချက်ဇ်စသည့် တိုက်စစ်မှူးများတန်းစီနေရာ တိုက်စစ်ပိုင်းတွင်လည်း ဗလန်စီယာကသာ အသာစီးရှိနေပြန်သည်။

ဗလန်စီယာနိုင်မည်ထင်

ထို့ကြောင့် ယခုပွဲမှာခြေအသာစီးဖြင့် ကစားမည့်အသင်းမှာ ဗလန်စီယာ ဖြစ်ပြီး မာဆေးမှာမူထုံးစံအတိုင်း ခံစစ်ကိုအားပြု ပွဲအရှိန်ကို လိုသလို ထိန်းနိုင်အောင်ကြိုးစားရင်း ဗလန်စီယာ၏ အဒိုက်ကို ဖမ်းကစားမည့်ပုံရှိနေသည်။သို့ရာတွင် ဗလန်စီယာအသင်းမှာလည်းခံစစ်ကို ဂရုတစိုက်ကစားတတ်သည့်အပြင် တိုက်စစ်အနိမ့်ဘော၊ အမြင့်ဘောအားလုံးကို ပိုင်ပိုင်နိုင်နိုင်ကစားနိုင်သည့် ခံစစ်မျိုးဖြစ်ရာ သည်တစ်ပွဲတွင်မူ မာဆေးတို့ မချောင်ဟုထင်သည်။ ထို့ကြောင့် တိုက်စစ်မှူးများသာမက ကွင်းလယ်ကပါ ဂိုးသွင်းနိုင်စွမ်းရှိသည့် ဗလန်စီယာတို့ မာဆေးကို အနိုင်ယူပြီး ဤရာသီ ယူအီးအက်ဖ်အေဖလားကြီးကို သိမ်းပိုက်သွားလိမ့်မည်ဟု ထင်နေမိသည်။ ။ **(မြန်မာ့အလင်း)**

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာလမ်း၊ အမှတ်၁၁၁၄/၁၁၁၅နေ ဦးဝင်းထွန်း (M. D, Hercules Int'l Co., Ltd) + ဒေါ်အိုက်ဝှါတို့၏ သားထွေး
မောင်အောင်ဇော်ဦး B.A (Eco), Diploma in E.P(YTU)
Director, Hercules Int'l Co., Ltd.

နှင့်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာလမ်း၊ အမှတ် ၁၁၁၀/၁၁၁၁ နေ ဦးသန်းငွေ (M. D, Pwint Int'l Co., Ltd.)+ ဒေါ်မြင့်မြင့်ဦးတို့၏ သမီးဦး
ဒေါက်တာရတနာဦး (M.B., B.S)

တို့၏ (၈-၅-၂၀၀၄) နေ့ Traders Hotel ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မိတ်ဆွေအပေါင်းအသင်းများနှင့် ခင်မင်ရသောသူငယ်ချင်းများကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်ဇော်ဦး + ဒေါက်တာရတနာဦး။

ဖခင်အမည်မှန်

အထက(၄) ဗိုလ်တထောင် စတုတ္ထတန်း တန်းခွဲ(စီ)တွင် ပညာသင်ကြားနေသော မမြတ်သီရိပါ၏ ဖခင်အမည်မှန်မှာ ဦးမျိုးမင်းပါ ၁၂/ရကန(နိုင်)၀၇၀၅၃၈ဖြစ်ပါကြောင်း။

အမည်ပြောင်း

အဖ ဦးမြင့်သိန်းဦး၏သား အလက (၇) တ/၃ အဋ္ဌမတန်း(A) မှ မောင်ဖြိုးဖြိုးဦးအား မောင်ဘုန်းမြင့်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဘုန်းမြင့်အောင်။

ရောင်း/ လဲ/ ငှားမည်

88 Model (Air Con, Mini Bus)

နံပါတ်ပြာ 8A-ရောင်းမည်။
Junction 8 ကိုးလွှာ ငှားမည်။
ဖုန်း-၅၂၄၆၈၆၊ ၀၉-၈၀-၂၄၀၄၄



အတွဲ(၆) အမှတ် (၈) ဖြန့်ချိလိုက်ပါပြီ

The New Light of Myanmar

Read Junior Leader to Improve your English.

၂၀-၅-၂၀၀၄

VCD KARAOKE ထွက်ပြီ

စင်ပေါ်မှာသီချင်းဆိုတဲ့သူကဆိုမယ် . . . သရုပ်ဖော်တဲ့သူက သီချင်းနဲ့အတူ စင်ပေါ်မှာပဲ မြူးမြူးကြွကြွလေး သရုပ်ဖော်မယ်လေ ဒီတေးသရုပ်ဖော် Live Show လေးအမည်က . . . . .

မိတော့မိတယ်နှင့်
ချိတ်ုခေတ်မှ တေးများ

သရုပ်ဆောင် - ဦးမောင်မောင်မြင့်၊ အငိုင်၊ ခင်လှိုင်၊ ညောင်ညောင်၊ တက္ကသိုလ်ဝွှမ်းဖုံး ဘိုမ၊ ပွင့်၊ နီလာမြန့် စောကလျာအဖွဲ့.

မိတော့မိတယ် နှင့် ချိတ်ုခေတ်မှ တေးများ စီးရီးကို ထယ်ယူ အားပေး ကြသော တေးချစ်ပရိတ်သတ်ကြီးကို မေတ္တာလက်ဆောင် တုံ့ပြန်သောအနေဖြင့် **VCD** စတင်ဖြန့်ချိသည့် ၂၀.၅.၀၄ မှ ၂၃.၅.၀၄ ထိ အခမဲ့ အလှဓာတ်ပုံရိုက်ခွင့်ကဒ်ပြားလေးများ ကို **VCD** ချပ်တိုင်း၌ ထည့်သွင်းပေးထားပါသည်။
ဓာတ်ပုံရိုက်ကူးရမည့်နေရာ - A-21 ဒုတိယထပ်ယုဇနပလာဇာ (U San Aung digital photo studio)

KMD Computer Centre

ဖွင့်လှစ်မည့် အချိန်များ

1 June, 2004 (1:00 - 5:00) Mon to Fri

1 June, 2004 (11:00 - 3:00) Mon to Fri

Software Engineering သင်တန်း

■ Computer Programming ပညာရပ်များကို အခြေခံမှစ၍ စနစ်တကျ လေ့လာနိုင်ရန် သင်ကြားပို့ချမည်။

■ သင်တန်းပြီးဆုံးလျှင် Programmer, System Analyst, Software Engineer တစ်ယောက် အဖြစ်အသက်မွေးဝမ်းကျောင်း ပြုနိုင်မည် ဖြစ်ပါသည်။

အမှတ် ၅၅-၅၇၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၂၄၉၂၆၄၊ ၂၄၉၂၆၅၊ ၃၈၁၀၀၃၅၊ ၂၄၉၀၁၅၊ ၀၇၁၀၈၁၅



ဒီလိုပြိုင်ဖက်ကင်းလှသော အရည်အသွေးမြင့် မြေကွက်ကျယ်ကျယ်တွင် နေထိုင်ချင်ပါက ဆက်သွယ်ပါ

မြေကွက်ကျယ်ကျယ် အဆင့်မြင့်အိမ်ရာမြေကွက်လည်းဖြစ်၊ လေကောင်းလေသန့်လည်းရရှိပြီး ငွေရင်းစရာမလိုဘဲ အတိုးနှုန်းသာသာဖြင့် အရစ်ကျငွေပေးချေခြင်းဖြင့် မြေကွက်အပိုင်ရယူပါ။ ဦးရာလူအမြန်ရောင်းမည်။ တောင်ဒဂုံရွှာသာကြီး စီးပွားရေးတက္ကသိုလ်အနီး အမှတ်(၂) လမ်းမကြီးပေါ်ရှိ ဂရန်ကျပြီးသား မြေကွက်ကျယ်ကျယ် ၅၀'×၁၀၀' ရေကန်ရှေ့ မြေကွက်(၅)ကွက်သာ တတိယအသုတ် ထပ်မံ၍ ဦးရာလူရောင်းမည်။ ၅၀'×၁၀၀' တစ်ကွက်လျှင် ကျပ်(၃၆)သိန်းဖြင့် စရံငွေပေးစရာမလိုဘဲ တစ်လလျှင် ကျပ်နှစ်သိန်းဖြင့်သာ (၁၈)လအတွင်း လစဉ်အရစ်ကျငွေချေစနစ်ဖြင့် ငွေအကျေပေးသွင်းပြီး ဂရန်အမည်ပေါက်မြေကွက်ကို အမြန်ရယူပါ။ ရေ/မီးရရှိပါသည်။ ဝယ်ခွန်ကို ကုမ္ပဏီကပေးဆောင်ပါမည်။ (နံပါတ်ရက်မရှိပါ။ နံ့ချိန်အတွင်းသာ) **ခုတိယအမြေကွက်(၃)ကွက်ဝယ်ယူအားပေးခဲ့ကြသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။**

ရောင်းချမည့်မြေကွက်တည်နေရာ - ဒီဇင်ဘာစက်မှုဇုန်အတွင်းရှိ မိန်းလမ်းမပေါ်တွင် တည်ရှိသော အဆင့်မြင့်အိမ်ရာမြေကွက်များ။

ဆက်သွယ်ရန် - ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် (၃၆)လမ်းထောင့်ရှိ မြို့မ ရုပ်ရှင်ရုံ အပေါ် ဆုံးထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

(ကမ-၃)မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၈/၇၃၆၄ လက်ဝယ်ရှိသူမှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူပျောက်ထားသဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊တိုင်းရုံး (ရန်ကုန်)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊(ရန်ကုန်တိုင်း)**

အခန်းငှားမည်

ရာဇာဓိရာဇ်အိမ်ရာ

ဗိုလ်တထောင်မြို့နယ်
အောက်ဆုံးထပ်၊ ထောင့်ခန်း
ဖုန်း-၅၇၉၈၂၅၊ ၅၆၅၃၆၇

ကိုယ်တိုင်ရောင်းမည်

ပေ ၄၀ xပေ ၆၀ ပေါ်ရှိ ခြံနှင့် 2RC နှစ်ထပ်တိုက်၊ ရေ၊ မီး၊ ဖုန်း၊ ဂရန်မြေ၊ ညီနိုင်းဈေး၊
ဖုန်း-၂၉၉၁၅၃

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏ သမီးဖြစ်သူ မမြတ်မိုးဇင်လတ် ၁၂/ပဘတ(နိုင်)၀၁၆၉၃၁ မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှထွက်ခွာသွားပါသဖြင့် နောက်နောင် ၎င်းနှင့်ပတ်သက်လာသော ကိစ္စအဝဝကို တာဝန်ယူလက်ခံဖြေရှင်းပေးမည်မဟုတ်ပါ။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးအေးမင်း
၁၂/ပဘတ(နိုင်)၀၂၈၀၆၃
ဒေါ်ဖြူဖြူမာ
၁၂/ပဘတ(နိုင်)၀၁၃၅၀၅

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

A.G.T.I/G.T.I (စက်ကိုင်/စက်ပြင်) **(ကျား) ၂ ဦး**
လုပ်ငန်းအတွေ့အကြုံ သုံးနှစ်ရှိရမည်။

ဓာတ်ပုံနှစ်ပုံ၊ နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်နှင့်အတူ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ ပါရှိရမည်။

လိပ်စာ-အမှတ် 107-109 အနော်ရထာလမ်းမ၊
အခန်းအမှတ်(၆၀၂)ဝါဝါဝင်းတာဝါ၊ လသာမြို့နယ်၊ ရန်ကုန်
Ph; 701862၊ 381491

လူပျောက်ကြော်ငြာ

ကျွန်တော် မောင်မျိုးမြင့်အောင်၏ဇနီးဖြစ်သူ မမော်မော်ဦး ၁၂/ဥကတ(နိုင်) ၀၀၄၇၁၅ ကိုင်ဆောင်ထားသူသည် ၉-၅-၂၀၀၄ရက် နံနက် ၉း၃၀ နာရီတွင် နေအိမ်မှ ဈေးသို့သွားစဉ် ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့် သွေးဆောင် ဖြားယောင်းလက်ခံထားသူအား ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အကြောင်းကြားသူအား ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။

ဦးမျိုးမြင့်အောင်
အမှတ် ၁၉၊ သစ္စာလမ်း
၁၀ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့
ဖုန်း-၅၇၀၀၃၂၊ ၂၉၈၂၅၀၊ ၂၉၁၁၅၄၊ ၅၇၂၈၄၈။

ရောင်း/လဲ

- တိုက်ခန်း ၁၅ပေXပေ ၆၀၊ သုံးလွှာ
- ချောင်းသာတည်းခိုခန်း (ဂျပန်ကားနှင့်အလိုက်ပေးလဲနိုင်)

ဖုန်း-၅၅၇၃၃၂၊ ၀၉-၅၀ ၁၆၂၈၆

အမည်ပြောင်း

အလက(၂)ပြည်မြို့ သတ္တမတန်းမှ မောင်မင်းဥက္ကာအောင်အား မောင်ပိုင်ထက်ဦးဟု ပြောင်းလဲခေါ်ပါရန်။

မောင်ပိုင်ထက်ဦး။

ယာဉ်ထုတ်လုပ်သူများနှင့် မီးစက်ဆင်လိုသူများအတွက်

မလီခ နှင့် ဟာကြူလီ တာဆိပ် ဝှေသစ်အမျိုးမျိုး
165၊ 175 (13 & 14 mm),
7.50 x 20၊ 8.00 x 20,

Alternator (10 - 250 kva)
(1ϕ၊ 3ϕ with AVR)

Crown Wheel Pinion
10 &14 Ton

ပြည်တွင်းဖြစ်ကို အားပေးပါ

MALIKHA AUTOMOBILE CO., LTD.

ဖုန်း - ရန်ကုန် (01) 524195, 511770, မန္တလေး (02) 53263, 53264, 54102, 54104

ကွာရှင်းပြတ်စဲခြင်း

အင်းစိန်မြို့နေ ကိုစိုးလွင် (၁၂/အစန (နိုင်) ၀၀၆၃၄၉) နှင့် မနီလာ (၁၂/အစန (နိုင်) ၀၆၅၀၀၀) တို့သည် (၁၉၉၄ ခုနှစ်) မှ စတင်ပေါင်းသင်းခဲ့ကြရာ ယခုအခါတွင် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့သဖြင့် (၄-၅-၂၀၀၄) ရက်နေ့မှ စတင် ကွာရှင်းပြတ်စဲပြီး ဖြစ်ပါသည်။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

ကိုစိုးလွင် (၁၂/အစန (နိုင်) ၀၀၆၃၄၉)

ရှာဘွန်ယော့(ခ)ဦးမောင်စိန်
အသက်(၇၀)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ အမှတ် ၁၉(စီ)၊ ဇောတိကလမ်း၊ ဟံသာရိပ်မွန်နေ (ဦးရှာဘန်စိန်–ဒေါ်အောင်တင်)တို့၏သား၊ ဒေါ်တင်ရီ(ချိန်ဝင်းရွှေဆိုင်)၏ခင်ပွန်း၊ ဒေါ်မေရီ(Ph.D Prelim)(ကထိက၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးသိန်းလှိုင်–ဒေါ်အေးအေးစန်း(ချိန်ဆန်းရွှေဆိုင်)၊ ဦးမြတ်လှိုင်–ဒေါ်ဥမ္မာ (ချိန်ဆွိရွှေဆိုင်)၊ ကိုနေလှိုင်၊ ကိုနေဒွန်း–မမေသီ (ချိန်ဟော့ရွှေဆိုင်)၊ ကိုဝင်းအောင်–မခင်မေအေး(ရွှေမင်းသားရွှေဆိုင်)၊ မသန်းသန်းထွေးတို့၏ဖခင်၊ မောင်မြတ်မင်းသိန်း (ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း၊ ကမာရွတ်)၊ မဖြူဖြူခိုင်(ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း၊ ကမာရွတ်)၊ မောင်ထက်အောင်လှိုင်(ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း၊ ကမာရွတ်)၊ မမေသူကြွယ်၊ မောင်ထက်ဦးလှိုင်၊ မောင်ရှင်းသန့်အောင်တို့၏ အဘိုးသည် ၁၇–၅–၂၀၀၄ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၉–၅–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေး သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

လုပ်ငန်းအငှားချထားရန်ကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းပေါ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာမှ စားသောက်ဆိုင်လုပ်ငန်းအား အငှားချထားမည်ဖြစ်ပါ၍ လုပ်ငန်းလုပ်ကိုင်လိုသော မြန်မာနိုင်ငံသားများအနေဖြင့် တစ်နှစ်အတွက်ပေးသွင်းနိုင်သောဈေးနှုန်းနှင့်တကွ ၂၀–၅–၂၀၀၄ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီ နောက်ဆုံးထား၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)ထံ တင်သွင်းလျှောက်ထားနိုင်ကြောင်းကြေညာအပ်ပါသည်။ အသေးစိတ်အချက်အလက်များ သိလိုပါက ဖုန်း–၀၁–၂၄၉၅၂၅၊ ၀၉–၈၀–၂၁၅၆၃၊ ၀၉–၉၉–၂၆၉၃၂၊ ၀၁–၂၅၂၀၂၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

လူပျောက်ကြော်ငြာ

အထက်မင်းလှမြို့နေ မောင်အောင်သက်ကျော် (အဖ)ဦးအုန်းကျော်၏သား မှတ်ပုံတင်အမှတ် ၈/မလန(နိုင်)၀၇၃၆၄၀ အသက် ၁၆နှစ်ခန့်သည် ရန်ကုန်မြို့ရှိ အဒေါ်နေအိမ်သို့ အလည်လာစဉ် ၁၄–၅–၂၀၀၄ရက် နံနက် ၅း၃၀နာရီခန့်တွင် အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်းတွင် အိမ်သာသို့သွားရာမှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့် အကြောင်းကြားသူအား ကျေးဇူးဆပ်ပါမည်။

ဆက်သွယ်ရန် – ဒေါ်မြမြဝင်း
၃၄၊ တပင်ရွှေထီးလမ်း၊
ကျောက်ကုန်း၊ ရန်ကင်း၊ ရန်ကုန်၊
ဖုန်း–၀၁–၅၇၀၈၁၆၊ ၀၉၉၀–၆၀၉၈၂။

အများသိစေရန် ကြေညာအပ်ပါသည်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းမြောက်ရပ်ကွက်၊ စမ်းချောင်းလမ်း၊ တိုက်အမှတ်(၆၃)၏ ဦးစံငြိမ်းလမ်း မျက်နှာမူသည့် အခန်းအမှတ်(၆)အား ကျွန်ုပ်၏မိတ်ဆွေ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ ကြို့စက်(၂)လမ်း၊ အိမ်အမှတ်(၄/၆)နေ ဦးစိုးသိန်း(အေအေ–၀၃၇၉၄၆)သည် ကန်ထရိုက်တာ ဦးလှတင်(စီစီ–၀၄၈၃၀၆)ထံမှ ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိခဲ့ပါသည်။ အထက်ပါတိုက်ခန်းကို ကျွန်ုပ်မိတ်ဆွေမသိဘဲ မည်သူမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းလွှဲပြောင်းခြင်းများ မပြုလုပ်ရ။ ပြုလုပ်ပါက ရောင်းချသူနှင့် ဝယ်ယူသူတို့၏တာဝန်သာဖြစ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ဦးစိုးသိန်း၏လွှဲအပ်ညွှန်ကြားချက်အရ–
ဦးဝင်းကြွယ်(ဝါးခယ်မ)
အထက်တန်းရှေ့နေ၊လိုင်စင်အမှတ်–၄၁၀၉
အမှတ် ၂၉၊ ကြံခင်းလမ်း၊ လင်းလွန်းမြောက်ရပ်ကွက်၊
စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။

ဝန်ထမ်းအမြန်အလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

(၁) Quality Control ကျား/မ (၅) ဦး

– သိပ္ပံဘွဲ့ ရရှိသူဖြစ်ရမည်။
– နေ့/ည တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

လျှောက်ထားသူသည် လိုင်စင်ဓာတ်ပုံတစ်ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ပညာအရည်အချင်းအထောက်အထားမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်နှင့်တကွ ကြော်ငြာပါသည့်နေ့မှ ခုနစ်ရက်အတွင်း အမှတ် ၁၁၅/၁၁၇ (မြေညီထပ်)၊ လသာလမ်း၊ လသာမြို့နယ်ရှိ **Smile World Co., Ltd.**သို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

အမည်ပြောင်း

ဖြူးမြို့ အထက(၂) သတ္တမတန်း (C)မှ အဖ ဦးတင်မောင်ဝင်း၏သမီးဖြစ်သူ မသင်းသင်းမွှေးအား ယနေ့မှစ၍ မသင်းသင်းခိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မသင်းသင်းခိုင်။**

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
ဦးချစ်ဝိုင်း
ဒု–လ/ထဦးစီးမှူး(ငြိမ်း)၊ဆည်မြောင်း
အသက်(၆၆)နှစ်

ပြည်မြို့၊ဆည်မြောင်းဝင်းနေ ဒေါ်လှဝိုင်း၏ခင်ပွန်း ဦးချစ်ဝိုင်း ရာသက်ပန်အသင်းဝင်အမှတ်(၁၃၅၆)သည် ၁၃–၅–၂၀၀၄ရက်တွင်ကွယ်လွန်၍ ၁၅–၅–၂၀၀၄ရက်တွင် ခေတ္တရာမြို့သစ် လက်ပန်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ဒေါ်လှရီ
(ချစ်စရာဟိုတယ်)
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ အမှတ် ၆၄နေ ဦးလုံးတင်၏ဇနီး၊ ဦးခင်မောင်လွင်–ဒေါ်သွယ်သွယ်၊ ကိုမောင်မောင်လွင်–မတင်စန်း၊ ကိုမျိုးနိုင်–မအေးအေးလွင်၊ ဒေါက်တာခင်အေးလွင်၊ ကိုညီညီလွင်–မမွှေးမွှေး၊ မချိုချိုလွင်၊ ကိုကျော်ဆန်းလွင်၊ မဥမ္မာဝင်း၊ ကိုထွန်းထွန်းလွင်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် သဃ်္ဃန်းကျွန်းနေအိမ်၌ ၁၄–၅–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၈–၅–၂၀၀၄ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်)။ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်းအမ
ဒေါ်လှကြည် (တန်ရှောက်ဟုန်)
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ၁၅ လမ်း၊ အမှတ် ၂၀ နေ (ဦးတန်ဘွန်ကျန်–ဒေါ်ကျင်မြ)တို့၏သမီးကြီး၊ နတ်မောက်မြို့နေ (ဦးဟေးယား–ဒေါ်ကျင်မြ)တို့၏သမီးချွေးမ၊ ဒေါ်ကျင်စိန်၊ (ဦးဟင်းငါး)–ဒေါ်တင်ရွှေ(မကွေးမြို့)တို့၏တူမ၊ ရန်ကုန်မြို့၊ အမှတ် ၄၂၊ အင်းလျားလမ်းနေ ဦးတင်ဝင်း(နတ်မောက်)၏ဇနီး၊ ဦးနေဝင်း–ဒေါ်မို့မို့ထွန်း(စိန်ချယ်ပွဲရုံ၊ ဘုရင့်နောင်)၊ ဦးကြည်ဝင်း၊ ဦးမျိုးဝင်း–ဒေါ်ခင်မာလာ(Tri Star)၊ ဦးသိန်းဝင်း–ဒေါ်စောဥမ္မာ(U.S.A)၊ ဦးနိုင်ဝင်း–(ဒေါ်စန်းစန်း)၊ ဦးစိုးဝင်း၊ မမဥ္ဖူသင်းတို့၏မိခင်၊ မမို့မို့နေဝင်း(U.K)၊ အောင်ပြည့်ဖြိုး၊ အောင်ရဲဝင်း၊ ကောင်းရဲဝင်း၊ ဝင်းဝါအောင်တို့၏အဘွားသည် ၁၇–၆–၂၀၀၄ရက် နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါကြောင်း။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်းအမ
ဒေါ်လှကြည် (တန်ရှောက်ဟုန်)
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ၁၅ လမ်း၊ အမှတ် ၂၀ နေ (ဦးတန်ဘွန်ကျန်–ဒေါ်ကျင်မြ)တို့၏သမီးကြီး၊ ဦးမျိုးညွန့်–ဒေါ်ရီရီ၊ (ဦးတင်ရှိန်)–ဒေါ်ခင်ဝင်းမြင့်၊ ဦးခင်ထွန်း–ဒေါ်ခင်သက်နိုင်၊ ဦးထွန်းအေး–ဒေါ်အဖွန်း၊ Dr. ကြင်ညွန့်–ဒေါ်ဝင်းဝင်းကြည်၊ ဦးခင်ထွန်း–ဒေါ်ခင်သန်းလွင်၊ ဦးမြင့်သိန်း–ဒေါ်ဆွေဆွေဝင်း၊ ဒေါ်ညွန့်ညွန့်တင်တို့၏အစ်မကြီး၊ တူ တူမ ၂၄ ယောက်တို့၏ကြီးတော်သည် ၁၇–၅–၂၀၀၄ရက် နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါကြောင်း။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်စဝ်ဆောင်းခွန်ဆမ်(ခ)မဆောင်း
(လားရှိုးမြို့)
အသက်(၄၁)နှစ်

ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်စဝ်နွန်းခွန်ဆမ်၏ညီမ ဒေါ်စဝ်ဆောင်းခွန်ဆမ်(ခ)မဆောင်း အသက်(၄၁)နှစ်သည် ၅–၅–၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း
ပဲခူးတိုင်း၊ ထန်းတပင်မြို့နယ်။

ဝမ်းနည်းကြေကွဲခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်၏ဖခင် ဦးစိန်ဝင်းသည် ၆–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

အင်ဂျင်နီယာချုပ်(လမ်း)အထက်မြန်မာပြည်၊
မန္တလေးမြို့။

ဘုရားဒါယကာ
ဦးလှမောင်
(ရွှေကူမြို့)
(ရေယာဉ်မှူး၊အငြိမ်းစား)
ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး
အသက်(၆၆)နှစ်

ဟင်္သာတမြို့၊ သာရဝေါနေ (ဦးမောင်လေး–ဒေါ်ခင်တုတ်)တို့၏သား၊ ကချင်ပြည်နယ်၊ ရွှေကူမြို့နေ(ဦးလှ–ဒေါ်အေးသစ်)တို့၏သားသမက်၊ အမှတ် ၁၀/၃၀၀၊ သဇင်လမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ကျော်ကျော်၏ခင်ပွန်း၊ မစန္ဒာဝင်း(ခ)မဝေ၊ (မောင်မျိုးဝင်း)(ရပကရ)–မသန်းသန်းဝင်း၊ မောင်မျိုးဆွေ–မဝင်နီမောင်(စည်ပင်)၊ မောင်မျိုးသူ၊ မမေမြတ်သူ–မောင်တင်ထွန်းနိုင်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၁၇–၅–၂၀၀၄ရက် မွန်းလွဲ ၁း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၅–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမြတ်သူ
(ပုသိမ်မြို့)
အသက်(၄၉)နှစ်

ပုသိမ်မြို့၊ အမှတ်(၇)နယ်မြေ၊ မာတကမ်းနားလမ်း၊ အိမ်အမှတ် ၅၅၅ နေ (ဦးခွန်နန်း)–ဒေါ်သိန်းမြတို့၏သားထွေး၊ (ဦးကျင်ဗိုး–ဒေါ်ကျင်မြိုင်)တို့၏ သားသမက်၊ ဦးမြစိန်–ဒေါ်ကျင်လှ၊ ဦးထွန်းမြင့်–ဒေါ်ကျင်အေး၊ ဦးကျော်သူ–ဒေါ်ကြည်ကြည်လွင်၊ ဦးမိုးသူ–ဒေါ်ကြည်ကြည်ဝင်းတို့၏ညီ/မောင်၊ ဦးအောင်ဝင်း–ဒေါ်မြင့်မြင့်တို့၏အစ်ကို၊ ဒေါ်တင်တင်ခိုင်(အောင်ရတနာ ဆန်စက်ပိုင်ရှင်)၏ခင်ပွန်း၊ မထက်အေးအောင်(ဒုနှစ်၊ ဆေးတက္ကသိုလ်၊ မကွေး)၊ မောင်သက်ဝေဝင်း၊ မောင်မြတ်မင်းသော်တို့၏ဖခင်သည် ၁၆–၅–၂၀၀၄ရက် ညနေ ၆ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈–၅–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် နေအိမ်မှ ပုသိမ်မြို့ သရောင်းချောင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီဟာစံ(ခ)ဦးခင်မောင်လတ်
ပျံသန်းရေးမန်နေဂျာ(ငြိမ်း)
မြန်မာ့လေကြောင်း
အသက်(၇၉)နှစ်

ရမည်းသင်းမြို့နေ (ဦးဘိုးခ–ဟာဂျီမ ဒေါ်စိန်ညွန့်)တို့၏သား၊မိုးကုတ်မြို့နေ (ဦးအက်စ်မေ–ဒေါ်ထူး)တို့၏ သားသမက်၊ ဟာဂျီဦးခင်မောင်ဦး၏ ညီ၊ ဟာဂျီမ ဒေါ်ပြုံးမမ၏ခင်ပွန်း၊ Sophia (ခ)နှင်းဝေလတ်၊ Ruby(ခ)မိုးဝေလတ်တို့၏ ဖခင်သည် ၁၇–၅–၂၀၀၄ရက် နံနက် ၄း၃၀ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးခင်မောင်ရွှေ (L.L.B) MEIS (ငြိမ်း)
(သုဝဏ္ဏမြို့)
အသက်(၆၀)

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ တိုက် ၉၄/၃၊ မီးဒုံးလမ်းသွယ် ၅ နေ (ဦးထွန်းဝင်း–ဒေါ်အုံးစိန်)တို့၏ သား၊ ဦးထွန်းရွှေ(ပိုးမွှားအရာရှိ၊ ငြိမ်း၊ ကျန်းမာရေးဦးစီး)–ဒေါ်နုနုခင်တို့၏မောင်၊ ဒေါ်သီတာထွန်း(ဆေးလုပ်မှု/မှူး၊ စံပြဆေးရုံ)၊ ဦးဇော်ထွန်းထွန်း(Z Plus)–ဒေါ်နီနီလွင် (အထက–သုဝဏ္ဏ)၊ဦးဘိုဘိုဝင်း၊ ဦးလေးမြင့်အောင်(Aung Construction)–ဒေါ်ဥမ္မာခင်၊ (ဦးမင်းမင်းထွန်း)၊ မခင်သူဇာထွန်း (Sin-Yangon)တို့၏ ဦးလေး၊ မဝင်နီထွန်း၊ မောင်လွင်ထွန်း၊ မောင်ဖွဲ့ခန့်အောင်တို့၏ ဘိုးလေးသည် ၁၅–၅–၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

မနီလာကျော်
B.Sc (Chemistry)
(ကျောက်ဖြူ)
ProjectManager-Fisca
အသက်(၃၃)နှစ်

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ နွယ်သာကီ ၈ လမ်း၊ အမှတ် ၂၉၂ နေ (ဦးကျော်သင်း)–ဒေါ်ခင်သန်းရီတို့၏သမီး၊ မောင်ကျော်သန်းမင်–မခင်မျိုးအေးတို့၏ညီမ၊ မောင်မျိုးဇော်လင်း (T.P.T, M.O.G.E)–မနှင်းပပဝင်း၊ မောင်အောင်မွန်ကျော်တို့၏အစ်မသည် ၁၄–၅–၂၀၀၄ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၆–၅–၂၀၀၄ရက် (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးနေ မိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်းဒါယိကာမကြီး
ဒေါ်တင်ရွှေ
ဖြူး(ညောင်ပင်သာ)
အသက်(၇၇)နှစ်

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် ၃ နေ (ဦးချစ်တီး–ဒေါ်သောင်း)တို့၏ သမီးကြီး၊ (ဦးတေ)၏ဇနီး၊ ဒုအရာခံဗိုလ်မြင့်အောင် (ငြိမ်း)–(ဒေါ်တင်ဝင်း)၊ ဦးညိုမောင်၊ ဒေါ်ညွန့်ကြည်၊ ဦးတင်စိန်–(ဒေါ်မြဝင်း)၊ ဦးသိန်းလွင် (စက်မှု/အထည်)၊ ဦးမြင့်ဆွေ–ဒေါ်စန်းစန်း၊ ဦးအေးနိုင်–ဒေါ်ခင်ဆွေဝင်းတို့၏ အစ်မ၊မသီတာမြင့်(MIDAS)၊မသန္တာမြင့်(Segye)၊ ကိုသောင်းဒန်–မနီလာမြင့်(ASEAN)၊မသူဇာမြင့်၊ ကိုအောင်နိုင်–မသက်သက်ဝင်း၊ မခက်ခက်ဝင်း (MIDAS)၊ ဗိုလ်ကြီးဖုန်းမြင့်ဝင်း–ဒေါ်မီမီတင့်ညို၊ ယာယီခွဲမှူး (ဗိုလ်မှူး) ဗိုလ်ကြီးဖုန်းနိုင်ဝင်း–မကျော့ကျော့ပိုင်၊ ကိုကျော်သီဟ (Loihein)–မမေလွင်လွင်အေး၊ မကြည်ပြာဆွေ၊ မရီတာဆွေ (MIDAS)၊မရှိုလာဆွေတို့၏ကြီးကြီး၊ မြေးငါးယောက်တို့၏အဘွား၊ ဒေါ်ယဉ်ဝင်း (အထက–၅၊ မင်္ဂလာဒုံ)၏မိခင်သည် ၁၆–၅–၂၀၀၄ရက် (စနေနေ့) ညနေ ၃း၂၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈–၅–၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်ခင်ခင်ညွန့် (မုဒုံ)
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၆/၃၈၊ ၃၇ လမ်းနေ (ဦးဘချစ်–ဒေါ်စောတင်)တို့၏ သမီး၊ ဦးအောင်ကြီး (ဦးစီးမှူး၊ ဆည်မြောင်းဦးစီးဌာန၊ငြိမ်း)၏ဇနီး၊ (ဦးနေဝင်း)၊ ဒေါ်ငယ်ငယ်ဝင်း(ဌာနခွဲမှူး၊ ရေကြောင်းတက္ကသိုလ်)၊ ဒေါ်နွယ်နီဝင်း (လ/ထ မန်နေဂျာ၊ ဆက်သွယ်ရေး)၊ ဦးအောင်မြတ်ကျော်–ဒေါ်လွင်လွင်သိန်း၊ ဒေါ်စုစုအောင်(အထက–၃၊ ဟင်္သာတ)၊ ဒေါ်ရီရီမာ(ပြည်သူ့သက်စောင့်သွေးဆေး)၊ ဒေါ်ခင်လေးငယ် (လ/ထ မန်နေဂျာ၊ မဓာ၊ ပုသိမ်မြို့)၊ ဦးခိုင်ထွန်းအောင်–ဒေါ်မြင့်မြင့်ကြူတို့၏မိခင်ကြီး၊ မောင်ဖြိုးချစ်ခိုင်၏အဘွားသည် ၁၆–၅–၂၀၀၄ရက် ညနေ ၄း၄၅ နာရီတွင် ကွယ်လွန်ပါသဖြင့် ၁၈–၅–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးလှနိုင် (ပေါင်းတည်)
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၁၁၄၊ ပေါင်းတည်မြို့၊ ၁၃ လမ်းနေ (ဒေါ်ညိုညို) (ကြယ်မင်းညိုညိုဆေးလိပ်ခုံပိုင်ရှင်)၏ခင်ပွန်း၊ ဦးဝင်းမြင့်ဌေး–ဒေါ်အနော၊ ဦးတင်မောင်ဇော် – ဒေါ်တင်တင်ဝင်း (ရွှေဘို)၊ ဦးနိုင်ဆွေ–ဒေါ်စန်းစန်းကျော်၊ မောင်ဝင်းမြတ်(ပေါင်းတည်)တို့၏ဖခင်၊ မောင်အောင်မြင့်ဌေး၊ မချစ်စုဇော်၊ မစုမွန်ကျော်၊ မေသက်စုဇော်၊ မောင်သန်းကျော်ဦးတို့၏အဘိုးသည် ၁၃–၅–၂၀၀၄ရက်(ကြာသပတေးနေ့)တွင် ပေါင်းတည်မြို့၌ကွယ်လွန်သွားပါသဖြင့် ၁၅–၅–၂၀၀၄ရက် (စနေနေ့)တွင် ပေါင်းတည်သုသာန်၌ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ကျန်ရစ်သူမိသားစု။

ကိုထွန်းထွန်းဦး(ခ)
ဆရာထွန်း
စက်ပြင်(မော်လမြိုင်)
အသက်(၄၄)နှစ်

မော်လမြိုင်မြို့နေ ဦးမောင်အေး–(ဒေါ်သင်းစိန်)တို့၏သား၊ (ဦးစိန်ညွန့်–ဒေါ်ရင်ကြည်)တို့၏သားသမက်၊ တိုက်အမှတ် ၃၇/၅၊ မင်းဒင်လမ်းသွယ်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့နေ ဒေါ်သက်သက်မော်(ခ)မမော်၏ခင်ပွန်း၊ မောင်ထွန်းလွင်ဦး၊ မချယ်ရီထွန်းတို့၏ဖခင်သည် အမှတ် ၃၇/င၊ ရဲတန်းလမ်း၊ မောင်ငံရပ်၊ မော်လမြိုင်မြို့နေအိမ်၌ ၁၆–၅–၂၀၀၄ ရက် ညနေ ၃း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈–၅–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ပိန္နဲကုန်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများကို အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးစံလူ
(ဘုတလင်မြို့နယ်၊ဆုံကုန်းရွာ)
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊လသာမြို့နယ်၊ ၂၂ လမ်း၊ အမှတ် ၈၀–၈၂(ပထမထပ်)နေ ဒေါ်လှကြည်၏ခင်ပွန်း၊ ဦးကျော်သိန်း–ဒေါ်လှလှမြင့်၊ ဒေါ်မာမာအေး(အမက– ၂၊ ကျောက်တံတား)၊ကိုမြင့်ဇော်–မစန်းစန်းသွယ်၊ ကိုမြင့်စိုး–မမိုးမိုးသက်၊ (ကိုကျော်အောင်)–မအေးအေးမူ၊ မသီတာထွန်းတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၁၇–၅–၂၀၀၄ရက်(တနင်္လာနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၅–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်မြမြ
(ဇီးကုန်း)
အသက်(၇၀)

ဇီးကုန်းမြို့(ဓာတ်မီးစက်ဦးကျော်ဖဲ–ဒေါ်ရီ)တို့၏သမီး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ သန်လျင်တံတားအိမ်ရာစီမံကိန်းဝင်း၊ ပိတောက်လမ်း၊ အမှတ်၁၈၅နေ(ဦးကြည်းမြင့်၊MEPE)၏ဇနီး၊ ဦးမောင်မောင်သန်း–(ဒေါ်သန်းသန်းဝင်း)၊ ဦးဇော်သန်း(မြောက်ပိုင်းခရိုင်မှူး၊ အင်ဂျင်နီယာဌာန၊ လမ်း/တံတား၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)၊ Dr.ဦးဝင်းမြင့်–ဒေါ်သဇင်သန်း၊ (ဦးလှိုင်သန်း)– ဒေါ်လှလှတိုးတို့၏မိခင်၊ပွင့်ပပသန်း(Forever Group)၊ မေသဇင်မြင့်၊ အောင်ပြည့်ဦး၊ ထွန်းဝင်းမြင့်၊ နှင်းနှင်းဦးတို့၏အဘွားသည် ၁၄–၅–၂၀၀၄ရက် မွန်းလွဲ ၂း၀၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈–၅–၂၀၀၄ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)။

ကျန်ရစ်သူမိသားစု

ကိုအောင်ကြည်
အထက(၆)ဗိုလ်တထောင်
ကျောင်းသားဟောင်း
(ယခင်စိန့်ပေါကျောင်း)
အသက်(၃၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၉၄(ခ)၊ စပယ်ခြံ ၂ လမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်နေ (ဦးဘသွင်)–ဒေါ်စန်းရီတို့၏သား၊ ဒေါ်မြင့်မြင့်ကြည်(လ/ထညွှန်ကြားရေးမှူး၊ ရေအားလျှပ်စစ်)၏တူ၊ မခင်မာဝင်း၏ခင်ပွန်း၊ ကိုကျော်စိုး၊ ကိုသန်းဌေးတို့၏ညီ၊ ကိုအောင်မိုး၊ ကိုကျော်လင်းအောင်တို့၏အစ်ကို၊ မောင်အာကာစိုး၊ မောင်ကောင်းထက်စံ၊ မကေသီ၊ မောင်ကျော်စည်သူတို့၏ဖခင်သည် ၁၇–၅–၂၀၀၄ရက် ညနေ ၄း၂၅ နာရီတွင် ဗဟိုရိုရစည်ဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၁၈–၅–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း
ဒါယိကာမ
မစိုးစိုးမာ
အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃/၅၊ ထီးတန်းလမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးဟုတ်ရှောင်) – ဒေါ်တင်မြင့်တို့၏ သမီးထွေး၊ ဦးထွန်းကြည် – ဒေါ်ပဲ (သာမည သစ်သီးပွဲရုံ၊ သီရိမင်္ဂလာဈေး) (ဦးမောင်မောင်အေး) – ဒေါ်လှလှဝင်း၊ ဦးဘိုလေး–ဒေါ်ညွန့်ညွန့်(သိမ်ကြီးဈေး Dရုံ)၊ ဦးမောင်မောင်စိုး–ဒေါ်ကျင်စန်း၊ ဦးဇော်ဝင်း–ဒေါ်ခင်စန်းအေး၊ ဦးမောင်မောင်အေး–ဒေါ်ခင်အေးဝင်း၊ ဦးကျင်စွိ–ဒေါ်ခင်ခင်ဦး၊ ဦးအောင်လှိုင်ထွန်း–ဒေါ်ချိုချိုမာတို့၏ ညီမငယ်သည် ၁၆–၅–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈–၅–၂၀၀၄ရက်(အင်္ဂါနေ့)မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်သန်းမြ (မြောင်းမြ)
အသက်(၉၁)နှစ်

လပွတ္တာမြို့၊ အောက်ပိုင်းရပ်နေ (ဦးတရောင်–ဒေါ်စိန်ပွင့်)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ၁၀မိုင်၊ လေဆိပ်လမ်းသွယ်၊ ခြံအမှတ် ၁၁ နေ (ဦးစိန်းကြင်)၏ဇနီး၊ မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)၏ရာသက်ပန်အသင်းဝင် ဆရာကြီးဦးခင်ဟုန်–ဒေါ်ခင်မြင့်မြင့်တို့၏မိခင်သည် ၁၂–၅–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၄–၅–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား အကြောင်းကြားသိစေအပ်ပါသည်။ အမှုဆောင်အဖွဲ့။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်နော်ဘာသာ
(GS/SGS်၊ ငြိမ်း)
အသက်(၇၆)နှစ်

အင်းစိန်မြို့နယ်၊နံ့သာကုန်းရပ်ကွက်၊ ဘူတာရုံလမ်း၊ အမှတ် ၁၅ နေ ဦးဖိုးကျော်–ဒေါ်နှင်းပွင့်တို့၏ သမီး၊ ဦးမောင်မောင်ကြီး (B.A, R.A)၏ ဇနီး၊ ဦးထွန်းအောင်ကျော်– ဒေါ်နှင်းယဉ်ယဉ်၊ ဦးဆန်းမောင်၊ဦးစံသူ (GM. ဟံနစိန်သန့်ကုမ္ပဏီ)–ဒေါ်မိုးမိုးခိုင်၊ဦးအောင်သူ–ဒေါ်အေးအေးမာတို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွား၊ မြစ်တစ်ယောက်၏ဘွားဘွားကြီးသည် ၁၆–၅–၂၀၀၄ရက် မွန်းလွဲ၁၂း၃၀နာရီတွင် အထွေထွေရောဂါကုဆေးရုံ သစ်ကြီးတွင်ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့်၁၈–၅–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်ကရင်နှစ်ခြင်းခရစ်ယာန် အနီးသာသနာနယ်ရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်ကျော်ဖဲ(ခ)ကမ္ဘာလုံး
(ရသေ့တောင်မြို့)
အသက်(၇၂)နှစ်

ရသေ့တောင်မြို့၊ ချောင်းဝရပ်နေ ဦးဦးကျော်လှ(အငြိမ်းစား ဆရာကြီး)၊ (ဦးလှကျော်) (အငြိမ်းစား ဆရာကြီး) ရန်ကုန်မြို့၊ ကျောက်မြောင်းရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် ၁၃၅ နေ ဒေါ်အောင်မြစိန်၏ ညီ/မောင်သည် ပုဏ္ဏားကျွန်းမြို့နယ်၊ သင်းပုန်းတန်းကဲပြင်ကျေးရွာ၌ ၁၄–၅–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ယင်းနေ့တွင်ပင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ။

ဦးတင်ငွေ (မြင်းခြံ)
အထက(၁)၊ငြိမ်း
အသက်(၇၁)နှစ်

မြင်းခြံမြို့၊ အမှတ် ၁၃၊ သရဝဏ်ရိပ်မွန်နေ ဒေါ်စန်းတင့်၏ ခင်ပွန်း၊ ရန်ကုန်မြို့၊ ၁၆ (A)၊ နည်းပညာတက္ကသိုလ်ဝင်းနေ ဦးကျော်ငွေစိုး(3/E M.V Sea Puma, Uniteam Co.) – ဒေါ်စိုးစိုးနု (ကထိက၊ စက်မှုအင်ဂျင်နီယာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်)၊ ဦးရင်အေး၊ ဒေါ်ဖြူဖြူခိုင်(နည်းပြ၊ မုံရွာစီးပွားရေးတက္ကသိုလ်)၊ ဒေါ်သူဇာ၊ ဦးမျိုးဟန်တို့၏ဖခင်၊ မယုမွန်မြတ်(III–E,°TTC)၊ မမေမွန်ကျော်တို့၏ဘဘကြီးသည် ၇–၅–၂၀၀၄ရက် ည ၁၀း၃၀ နာရီတွင် မြင်းခြံမြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၈–၅–၂၀၀၄ရက် ညနေ ၅ နာရီတွင် ရွာစည်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

စစ်တောင်းအသင်း
ဦးဇော်(ခ)ဦးဇော်သူရိန်
အသက်(၅၆)နှစ်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ တကောင်း ၄ လမ်း၊ အမှတ် ၄၉၆ နေ (ဦးတင့်)–ဒေါ်ကြည်တို့၏သားသမက်၊ ဒေါ်သိန်းသိန်းဌေး၏ခင်ပွန်း၊ (ဒေါက်တာသူရမောင်)၊ဒေါ်ခင်ခင်အေး၊ ဒေါ်ခင်ဌေးဌေး၊ ဒေါ်အေးအေးသန်း၊ ရဲအုပ်စန်းစန်းမြင့် (နရခ/ထောက်) အသင်းဝင်အမှတ်(၁၇)၊ ဗိုလ်မှူးတင့်လွင် အသင်းဝင်အမှတ်(၃၁)၊ ဒေါ်စန်းဌေးမာတို့၏ ညီ/မောင်၊ ဗိုလ်မေသဥ္ဇာမောင်၊ မစုရတနာမောင်၊ ဗိုလ်လောင်း ချမ်းမြေ့မောင်မောင်တို့၏ ဦးလေးသည် ၁၅–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၇–၅–၂၀၀၄ရက်တွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၃၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။
R. 488

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ စတင်ကျင်းပ ညီလာခံကိုယ်စားလှယ် ၉၈ ဒသမ ၉ ရာခိုင်နှုန်း တက်ရောက်၍ အစည်းအဝေးအထမြောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အဖွင့်မိန့်ခွန်းပြောကြား

ရန်ကုန် မေ ၁၇

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး၊ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး၊ အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတည်းဟူသော အမျိုးသားညီလာခံ ဦးတည်ချက်များဖြင့် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ စတင်ကျင်းပသည်။ **(အပေါ်ပုံ)**

စာမျက်နှာ ၈ ကော်လံ ၁ ▼

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ထုတ် စောင်ရေ ၁၉၈၉၆၈

ညီလာခံကိုယ်စားလှယ်များတက်ရောက်

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ ညီလာခံကိုယ်စားလှယ်များ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။